www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ပရိသတ်ထံမှ အကြံပြုစာများ

ဆရာမရဲ့စာအုပ် ထွက်သမျှ ဖတ်ပြီးပါပြီ။

သဇင်က အဲဒီလို ချောက်ချောက်ချားချားဝတ္ထုတွေကို အရမ်းကြိုက်တယ်။

"နတ်ကဝေမယ်" စာအုပ်က သိပ်ကောင်းတယ်။

"ပုဏ္ဏပျံ့စံအိမ်" ဆိုတဲ့စာအုပ်ကလည်း မစဉ်းစားမဆင်ခြင်ဘဲ ပြောတိုင်းယုံတဲ့သူတွေကို ပညာပေးတဲ့အတွက် အရမ်းကောင်းတဲ့ စာအုပ်လေးတစ်အုပ်ပါ။

နောက်ထပ်ဝတ္ထုတွေ များများရေးပေးစေချင်ပါတယ်။

ဆရာမရဲ့ပြန်စာကိုလည်း သဇင် စောင့်မျှော်နေပါတယ်။

ချစ်သော ဆရာမရဲ့ အမာခံပရိသတ်

သဇင်စိုး

၂၀/၅၃(င)၊ (၇ မိုင်)

ကုန်းမြင့်ရိပ်သာ၊ (၆) ရပ်ကွက်

ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာပါဆရာမ

ကျွန်တော်က ဆရာမရဲ့စာအုပ်ကို "ကနားစီးဒေဝီ" ကစပြီး လစဉ် အားပေးနေသူပါ။

"ဘုံစာကျွေးတဲ့နေ့" စာအုပ် ဖတ်ပြီးပြီးချင်း စာရေးလိုက်တာပါ။ အဲဒီစာအုပ်က လူ့ဝင်စားအကြောင်းကို ဘာဖြစ်မလဲဆိုပြီး ရင်တထိတ်ထိတ်နဲ့ ဖတ်မိတဲ့အထိ ဆွဲဆောင်မှုရှိတယ်။ စာအုပ်အထူကြီး ဖတ်ရတဲ့အတွက်လည်း ကျေနပ်မိပါတယ်။ ဆရာမဟာ ပရိသတ်ကို လေးစားမှုရှိတဲ့ စာရေးဆရာမ တစ်ယောက်ပါပဲ။

ဆရာမ ဒီထက်မက အောင်မြင်မှုတွေ ရရှိပါစေလို့ ဆုတောင်းလျက်။

ရန်ကြီးအောင်
ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

သမီးက ဆရာမရဲ့စာအုပ်ကို "ခေါ်တာပစ်တဲ့ည" ကစပြီး ဖတ်ဖြစ်ခဲ့ပါတယ်။

ချောက်ချားဖွယ်ဝတ္ထုတွေပေမယ့် လူငယ်တွေအတွက် ပညာပေး၊ ဗဟုသုတ၊ သင်ခန်းစာယူစရာတွေပါ ထည့်ရေးပေးတဲ့အတွက် "မဒိုစာ" ဟာ လူငယ်တွေရဲ့ နှတ်ဖျားမှာ ရေပန်းစားနေတာဖြစ်မှာပါ။ ဆရာမကို ပြောချင်တာက "ကနားစီးဒေဝါ" လို နတ်ကို အခြေခံတဲ့စာအုပ်တွေ ထပ်ရေးပေးပါဦး။ "ခုတင်နံပါတ်-၃၁" လို စာအုပ်ကလည်း ဖတ်လို့ သိပ်ကောင်းပါတယ်။

အကြံပြုချင်တာက တစ်လကို စာအုပ် (၂) အုပ် ထွက်ပေးပါ။ တစ်အုပ်နဲ့တစ်အုပ် မရိုးနိုင်အောင် ရသအမျိုးမျိုးပေးတဲ့ ဆရာမကို လေးစားချင်ခင်လျက် ပြန်စာကိုပါ စောင့်မျှော်နေပါတယ်။

ဆရာမရဲ့ အမာခံပရိသတ်

နှင်းပွင့်ဖြူ

(၂၉) ရပ်ကွက်၊ သခင်မစိန်လမ်း၊

မြောက်ဒဂုံ။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကဝေမယ် စာအုပ်ဖတ်ပြီးချိန်တည်းက စာရေးချင်ပေမယ့်

အခု "ခုတင်နံပါတ်-၃၁" ဖတ်ပြီးမှ စာရေးဖြစ်ခဲ့ပါတယ်။

မဒီစာရဲ့ နာမည်အရင်းကို သိချင်ပါတယ်။

ထွက်ပြီးသမျှထဲမှာ ကျွန်တော်အကြိုက်ဆုံးက "အရှင်လတ်လတ်"

စာအုပ်ပါ။

ဒဲဒီလိုဇာတ်လမ်းမျိုး ထပ်ရေးပေးပါဗျာ။

"ခုတင်နံပါတ်-၃၁" ထဲက အကျဉ်းသားမင်းဝေရဲ့အဖြစ်က တကယ့်

အဖြစ်လားဆိုတာလည်း သိချင်ပါတယ်။

ဆရာမရဲ့ ပြန်စာနဲ့တကွ လက်မှတ်ထိုးထားတဲ့စာအုပ်လေးကို စောင့်

မျှော်နေပါ့မယ်။

ဆရာမတစ်ယောက် ပြည်သူချစ်သော ကြယ်ပွင့်လေးအဖြစ်

ထာဝရ အောင်မြင်ပါစေခင်ဗျာ။

ရဲဇာနည်

မြို့ဟောင်းလမ်း၊ မြို့ဟောင်းအရှေ့ ရပ်ကွက်၊

သန်လျင်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဒေစီက မဒိုစာရဲ့စာအုပ်ကို "ခေါင်းတလားရာဇာ" ကစပြီး လတိုင်း ဖတ်ရှုခဲ့သူပါ။ အဲဒီစာအုပ်လေးကို သိပ်ကြိုက်တာပဲ။ မဒိုစာ အခု ဘာစာအုပ်ရေးနေလဲဟင်။

ဒေဝီကို စာပြန်ရင် မဒိုစာရဲ့ လက်ရေးစာမူလေးတစ်ရွက်လောက် ထည့်ပေးပါလား။ အမှတ်တရ သိမ်းထားချင်လို့ပါ။

စာအုပ်တွေကို ထူထူလေး ရေးပေးပါနော်။ ပြီးတော့ ထွက်ပြီးသမျှ ထက် ကြောက်ဖို့ကောင်းအောင် ရေးပေးပါ။

စာအုပ်ဆိုင်ပြေးပြီး မဒိုစာထွက်ပြီလားလို့ မေးရတာ အမောပဲ။ တစ်လ (၂) အုပ် ထွက်ပေးရင် သိပ်ကောင်းမယ်။

တစ်လပြီးတစ်လ ဒီလ မဒိုစာစာအုပ် ဘာထွက်မလဲလို့ တွေး ရတာ ရင်ခုန်ဖို့ကောင်းတယ်။ မဒိုစာကိုလည်း မြင်ဖူးချင်ပါတယ်။ ရန်ကုန်ရောက်တုန်းက မဒိုစာရဲ့ "ခုတင်နံပါတ်-၃၁" ကို ဝယ် လိုက်သေးတယ်။ ဗွားဖတ်ပြီးပေမယ့် အပိုင်လိုချင်လို့ ဝယ်လိုက် တာပါ။

မဒိုစာရဲ့ ထာဝရ ပရိသတ်တစ်ဦး

ဒေစီဝင်းမြိုင်

(ပုသိမ်၊ ငပုတော)

www.burmeseclassic.com

www.burmeseclassic.com



မဒိုတာ၏ ထွက်ရှိပြီးစာအုပ်များ

၁။ ခေါ်တာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရာဇာ

၆။ နတ်ကဝေမယ်

၇။ ပျဉ်ထောင်ကတော်နတ်

၈။ ပုဏ္ဏားပျံ့စံအိမ်

၉။ ခုတင်နံပါတ်-၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

စတဲ့စာအုပ်တွေ ထွက်ရှိပြီးပါပြီ။

ယခု.....

နတ်ကျွားပီညာ၌

မဒိုတာကိုချစ်သော ပရိသတ်များအား မေတ္တာရပ်ခံချက်

**အကြံပြုစာရေးသားပေးပို့ပါက**

နေရပ်လိပ်စာ အပြည့်အစုံအား ထင်ထင်ရှားရှား ရေးသား၍

ပြည့်စုံအောင်ဖော်ပြပေးပါရန် အထူးမေတ္တာရပ်ခံပါသည်။

"ပန်းကိုးပွင့်စာပေတိုက်"

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း ( ၁ )

# နွားရိုင်းသွင်းချိန်

www.burmeseclassic.com

www.burmeseclassic.com

မုဆိုးကြီးပန်းအောင်တစ်ယောက် နွားသေရဲ့ နားရွက်၊ အမြီးနှာများကို စတီလိုင်းဖြတ်လိုက်တယ်။

နွတ်က တွတ်တွတ်တွတ်ရွတ်ဆိုပြီး တောင်ပိုင်ကြီးအတွက် တင်မြှောက်တယ်။

မုဆိုးကြီးရဲ့တပည့်ကျော်များဖြစ်တဲ့ ဘိုးအုပ်နဲ့ တေကြီးက

www.burmeseclassic.com

www.burmeseclassic.com



ဆရာဖြစ်သူရဲ့လုပ်ရပ်ကို စိတ်ဝင်တစားငေးကြည့်နေကြတယ်။

မှဆိုးကြီးပန်းအောင်ဟာ တောပန်းတချို့ကို ချူးဆွတ်ပြီး နွားသေရဲ့ခေါင်းပေါ် ပန်ပေးတယ်။

အပျိုခေါင်းဆီက တောင်းယူလာတဲ့ ထဘီဟောင်းတစ်ထည်ကို နွားသေရဲ့ကိုယ်မှာ ပတ်လိုက်ပြီး သနပ်ခါးပါ လိမ်းပေးပြန်တယ်။

ပြီးတော့ နွားသေရဲ့ပါးစပ်ထဲ ခုနကဖြတ်ထားတဲ့ အမြီးစကို ထိုးထည့်ပြီး ...

"နင့်အမြီး နင်စား။ နင့်ကို ထဘီဝတ်ပေးတယ်၊ ပန်းပန်ပေးတယ်၊ သနပ်ခါးလည်း လူးထ းတယ်၊ တောပိုင်ကြီးကိုလည်း တိုင်တည်,ပသပြီးပြီ၊ ညရောက်လို့ ့လင်မလာရင် နင် မလွယ်ဘူးနော်၊ နင် မှဆိုးမဖြစ်လိမ့်မယ်ဟဲ့"

လို့ ရေရွတ်လိုက်တယ်။

သစ်စေးသစ်ခေါက်တွေ ပွတ်တိုက်ထားပြီး ကျစ်နေအောင်ကျစ်ထားတဲ့ ကိုင်းကြိုးကို အသင့်ပြင်လိုက်တယ်။

အလွန်ကြီးမားတဲ့ ကိုင်းတံတစ်ခုနဲ့ ကိုင်းကြိုးကို ချိတ်ဆက်ပြီး နွားသေကို ကိုင်းကွင်းနဲ့ငုတ်ရိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းတံကို ကိုင်းသီးခလုတ်တပ်ပြီး ဖိုင်းသတ်စည်းထားလိုက်တယ်။

အားလုံးပြီးတဲ့အခါ ကိုင်းတံဖျားမှာ နွားခလောက်ကို ချိတ်ဆွဲပြီး ပစ္စည်းတွေသိမ်းဆည်းလိုက်တယ်။

ရွာဘက်ပြန်ထွက်ခဲ့ချိန်မှာတော့ တပည့်ကျော်တေကြီးက . . .

"ခုနက ဆရာကြီးပြောတဲ့အထဲမှာ နွားသေကို မုဆိုးမ ဖြစ်လိမ့်မယ်လို့ပြောတာ ကြားလိုက်တယ် . . . အဲဒါ ဘာအတွက်လဲဗျ"

လို့မေးတဲ့အခါ မုဆိုးကြီးက ဆေးပြင်းလိပ်ကိုဖွာရှိုက်ရင်း . .

"ငါ အခု နွားသေနဲ့မျှားပြီး ကျားကိုင်းထောင်ခဲ့တယ်၊ ည ရောက်လို့ ကျား ကိုင်းမှာတိုးပြီးသေရင် ကျားဝိဉာဉ်နဲ့ နွားမဝိဉာဉ်ဟာ တမလွန်မှာ လင်မယားအဖြစ် ပေါင်းဖက်ကြလိမ့်မကွ၊ ဒါကြောင့် ကျုပ်က နင့်လင်,မလာရင် နင် မုဆိုးမဖြစ်မယ်လို့ ပြောတာ"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ တပည့်ကျော်ဘိုးအုပ်က မဝံ့မရဲအမူအရာနဲ့ . . .

"ရွာ . . . ရွာထဲမှာ ပြောကြတာက အခု သောင်းကျန်းနေတဲ့ ကျားက ရိုးရိုးကျား မဟုတ်ဘူးဆိုဘဲ . . . သမန်းကျားလို့ ပြောနေကြ

www.burmeseclassic.com

www.burmeseclassic.com



တယ် ဆရာကြီး"

လို့ ပြောလိုက်တဲ့အခါ မုဆိုးကြီးက မျက်နှာကွက်ခနဲ ပျက်သွားပြီး ...

"တိတ်စမ်း ဘိုးအုပ် ... ငါ့ရှေ့မှာ သမန်းကျားဆိုတဲ့အသံ မဟာနဲ့၊ ဒီဘက်ခေတ်မှာ ဒါတွေမရှိဘူးကွ၊ အခု ရွာတိုင်းမှာ သောင်းကျန်းနေတာ ကျားတစ်ကောင်ပဲ၊ ငါကိုယ်တိုင် အဲဒီကျားဆိုးကို အမိဖမ်းပြီး အရေခွံစုတ်ပြမယ်"

မုဆိုးကြီးရဲ့ ဒေါသတကြီးကြုံးဝါးသံကြောင့် ဘိုးအုပ် ငြိမ်ကျသွားတယ်။

မုဆိုးပန်းအောင်က ဘိုးအုပ်ရဲ့မျက်နှာကို အကဲခတ်ရင်း လေသံပျော့နဲ့ ...

"တကယ်တော့ အခုရာသီက နတ်တော်လကွ၊ ဒီရာသီဟာ ကျားတွေမိတ်လိုက်တဲ့အချိန်ပဲ၊ အခု နွားမလေးကို ကိုက်သွားတဲ့ကျားဟာ သွေးသောက်ကျားကွ၊ ဘာကြောင့်ပြောနိုင်သလဲဆိုတော့ နွားမလေးရဲ့ အကိုက်ခံရတဲ့ဒဏ်ရာကို ကြည့်ပြီးပြောတာ၊ မင်းတို့နှစ်ယောက် ငါ့တပည့်လုပ်တာ အိုပြီးသေတော့မယ်၊ ခုချိန်ထိ အသေမခတ်တတ်

www.burmeseclassic.com

www.burmeseclassic.com



ကြဘူး။ ကျားဟာ နွားမလေးကို ဒေါသအလျောက်သာ ကိုက်ဖြတ်သွားတာ၊ အစာကို အမြဲဖြတ်ချင်တဲ့သဘော ကိုက်ဖြတ်သွားတာ မဟုတ်ဘူး။ ဒီရာသီမှာ ကျားထီးတွေရဲ့ ရာဂစိတ်ဟာ အပြင်းထန်ဆုံးအပိုင်းကို ရောက်နေတယ်၊ ကျားမတွေနောက်ကို အသည်းအသန်လိုက်ရင်း ကျားမကို မတွေ့တော့တဲ့အခါ ဒေါသတကြီးဖြစ်ပြီး တွေ့ရာသားကောင်ကို ကိုက်ဖြတ်သွားတော့တာပဲ၊ ဒီရာသီဟာ ကျားတွေမိတ်လိုက်ဖို့ရှာဖွေရင်း ရွာတွေဘက်ကို မျက်စိမှောက်ပြီးတော့ ရောက်တတ်တယ်၊ ဒါကြောင့် အခုတလော ရွာတွေမှာ ကျားဆွဲခြင်းခံနေရတာကွ၊ ပြီးတော့ . . . ကျားတွေမှာ နှာခေါင်းရှိပေမယ့် တခြားတိရစ္ဆာန်တွေရဲ့ သွေးစိမ်းရှင်ရှင်တွေကို စားသောက်ကြတယ်၊ ဒင်းတို့ရဲ့ပါးစပ်ဟာ မခံနိုင်လောက်အောင် အပုပ်နံ့ပြင်းထန်တယ်၊ ဒါကြောင့် ကျားတွေဟာ သူတို့အနံ့နဲ့ သူတို့မွန်ပြီး သားကောင်ရဲ့အနံ့ကို ခံနိုင်စွမ်းမရှိကြဘူးကွ၊ ဒီ အချက်တွေကို မင်းတို့မှတ်ထားကြစမ်း''

လို့ ရှင်းပြတယ်။

ဘိုးအုပ်က မုဆိုးကြီးရဲ့စကားကို နားစိုက်နေပေမယ့် ငေကြီးကတော့ မျက်လုံးမှေးစင်းပြီး ငိုက်မျဉ်းနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးပန်းအောင်တို့ ရွာလမ်းမရောက်တဲ့အခါ ရွာသား တစ်ယောက်က လှမ်းပြီး ...

"အတော်ပဲဗျို့ ... မုဆိုးကြီးကို သူကြီး အသည်းအသန် ရှာနေတယ်၊ သူကြီးအိမ် သွားလိုက်ပါဦး"

လို့ ပြောလာတယ်။

ရွာသားရဲ့စကားကို မုဆိုးပန်းအောင် ဘာမှမဖြစ်ပေမယ့် ငိုက်မျဉ်းနေတဲ့ တေကြီးနဲ့ဘိုးအုပ်တို့ မျက်လုံးအစုံပြူးကျယ်သွားကြ တယ်။

သူကြီးမြဒင်ဆိုတာက နှုတ်ကြမ်းစိတ်ကြမ်းနဲ့ အာဏာ သိပ် ပြတဲ့ သူကြီး ...။

သူကြီးမြဒင်ခေါ်ပြီဆို တစ်ရွာလုံး မျက်ခုံးလှုပ်ရပြီ။

အင်း ... သူကြီးမြဒင် ဘယ်အရေးများကြုံနေပါလိမ့်။

ပြီးတော့ သူကြီးမြဒင်နဲ့ မုဆိုးကြီးပန်းအောင်က မတည့်အတူ နေရသောလူများ မဟုတ်ပါလား ...။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

"ပြော ... ဘာကိစ္စ ကျုပ်ကိုတွေ့ချင်သလဲ"

မုဆိုးပန်းအောင်ရဲ့ သံပြတ်ပြတ်အသံကြောင့် သူကြီး မြဒင် ျက်နှာခင်းသွားတယ်။

"ဘာကိစ္စရမှာလဲ ... ခင်ဗျားကိုခေါ်မှတော့ ဗျားဆိုး ာသင်းကျန်းတဲ့ ကိစ္စပဲပေါ့၊ ပြောတော့ ရွာမှာ လက်ရုံးညီ အကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံး မုဆိုးကျော်ပန်းအောင်ဆို၊ ခင်ဗျားရှိလျက် ကျားဆိုးတွေထကြွနေတာ မမြင်ဘူးလား၊ အခု သောင်းကျန်းနေတာ သမန်းကျား၊ နေ့စဉ်ရက်စက် ရှာဝင်ပြီး ကျွဲနွားတွေဆွဲနေပြီ၊ ဒီကိစ္စ ခင်ဗျား တာဝန်ရှိတယ်"

သူကြီးမြဒင်ရဲ့ ဆွဲချက်တင်သလို စကားကြောင့် မုဆိုးကြီးဟာ ဒေါသထောင်းခနဲထွက်သွားပြီး ...

"ကျုပ်အလုပ် ကျုပ်သိတယ်၊ ပန်းအောင်ဆိုတဲ့လူက သူများ နိုင်းမှ မလုပ်တတ်ဘူး၊ ခင်ဗျားကြီးမပြောလည်း ကျုပ်က ကျားဆိုးကို အမိဖမ်းမှာပဲ၊ ခင်ဗျားကြီးသိထားဖို့က ဘိုးတော်ဘုရားခေတ်က အယူတွေဖျောက်လိုက်၊ ဘာသမန်းကျားမှ မဟုတ်ဘူး ...အဲဒါ မြဲမြဲမှတ်ထား၊ ကျုပ်သွားမယ်"

လို့ ဘုဆတ်ဆတ်ပြောရင်း လှည့်ထွက်ခဲ့တယ်။

စိတ်ကြမ်းတဲ့သူကြီးဟာ မုဆိုးကြီးရဲ့စကားကို မကျေနပ်စိတ်နဲ့ အုတ်ခဲကျိုးတစ်ခုကို အားကုန်ဆောင့်ကန်လိုက်တယ်။

သူကြီးရဲ့အုတ်ခဲကျိုးဟာ တေကြီးရဲ့ကျောလည် 'အုန်း' ခနဲ မှန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး …သေပါပြီဗျ၊ ခါးရိုးကျိုးပါပြီဗျ"

တောကြီးတစ်ယောက် မုဆိုးကြီးတို့ကိုချုန်ရစ်ပြီး ကျောကော့အောင်ပြေးတော့တယ်။

ဒီအချိန်မှာပဲ ရွာစပ်ရှိ တဲတန်းလျားဘက်မှ …

"ကယ်ကြပါဦးတော့ … ကျုပ်ကလေးကို ကျားဆွဲသွားပြီ"

ဆိုတဲ့ အသံနက်ကြီးကို ကြားလိုက်ရတယ်။

အသံကြောင့် မုဆိုးပန်းအောင်တို့ခြေလှမ်းတွေ မြန်ဆန်သွားတယ်။

သူကြီးမြဒင်ဟာ ထရံမှာချိတ်ထားတဲ့ နှစ်လုံးပြူးသေနတ်ကို ဆွဲဖြုတ်လိုက်တယ်။

သူကြီးနောက်လိုက် ချစ်စံက …

"သူ … သူကြီးရဲ့နှစ်လုံးပြူးက ပစ်လို့မှမရတော့ဘဲ"

လို့ လေသံတိုးတိုးပြောလိုက်တဲ့အခါ သူကြီးဟာ နှစ်လုံးပြူးကြီးနဲ့ ချစ်စံရဲ့ခေါင်းကို 'ဘုန်း' ခနဲထုလိုက်ရင်း …

"လျှာမရှည်နဲ့အကောင်ရဲ့ … ငါ့နှစ်လုံးပြူးအကြောင်းသိတယ်၊ လူဟန့်ရအောင် ယူတာဟေ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

သူကြီးတို့ ရှာစပ်တဲတန်းလျားအရောက်မှာတော့ ...

"ကျူပ်ကလေးကို ကျားဆွဲသွားတယ် ... အီး ဟီး ဟီး ... ကျား ... ကျားက ရိုးရိုးကျားမဟုတ်ဘူး ... လူလို လက်တွေ ပါတယ်တော့"

အဝတ်အစားဖိုသီဖတ်သီနဲ့ မိန်းမတစ်ယောက်က သူကြီးရဲ့ ခြေသလုံးဖက်ပြီး တိုင်တန်းတယ်။

"ဟာ ... ဒါဆို တို့ထင်တာ မှန်ပြီ ... သမန်းကျား သမန်း ကျား"

သူကြီးရဲ့အထိတ်တလန့်ရေရွတ်သံကြောင့် ရွာသားတွေအား လုံး မျက်နှာပျက်သွားကြတယ်။ သူကြီးမြဒင်က လူအုပ်ထဲ မျက်လုံး ဝေ့ရင်း ...

"အရေးအကြောင်းဆို ဒင်းမရှိဘူး။ ဘယ်မလဲဟေ့ ... ပန်း အောင်"

လို့ မေးလိုက်တဲ့အခါ ကလေးအမေက ...

"မုဆိုးကြီးက သူကြီးအရင် ရောက်လာပါတယ် ကျားဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ပြေးတဲ့နေရာကို မမေးပြီး တောထဲလိုက်သွားတယ်၊ ကျွပ် ... ကျွပ် ကလေး အကောင်းမှ ပြန်ရပါ့မလား၊ အဖြစ်ဆိုးလိုက်တဲ့ သားလေးရဲ့”

လို့ ပြောရင်း ရင်ဘတ်စည်တီး ငိုကြွေးတော့တယ်။

ရွာသူတချို့က ကလေးအမေကို အမျိုးမျိုး ဖျောင်းဖျစကား ဆိုပြီး တဲထဲခေါ်သွားကြပေမယ့် အဘိုးအိုတစ်ဦးက တောစပ်ဘက် ငေးမျှော်ကြည့်ရင်း ...

“အင်း ... သမန်းကျားဆိုရင် မုဆိုးကျော်ပန်းအောင်လည်း တတ်နိုင်မှာ မဟုတ်ဘူး၊ သမန်းကျားဆိုတာမျိုးက သိပ်ပြီးပရိယာယ် များတာ”

လို့ ရေရွတ်လိုက်တယ်။

မုဆိုးပန်းအောင်ကိုကြည့်မရတဲ့ သူကြီးက ပုဆိုးကြီးမပြီး ...

“ဒင်းလို မုဆိုး ... ကျားကိုက်သေမှ အေးမှာ၊ လူပုံက ထောင့်မကျိုး၊ လုပ်ရည်ကိုင်ရည်လည်း ဘာမှမရှိ ... ဒါတောင် သူ့ကိုယ်သူ ပြိုင်စံမပေါ်တဲ့ မုဆိုးကျော်လို့ ခံယူထားသေးတယ်၊ ဝါ နဲ့ထိပ်တိုက်မတွေ့သေးလို့ ... တွေ့လို့ကတော့ ပန်းအောင်ကို အစွယ် ချိုးပြီး ကုပ်ချိုးပစ်မယ်၊ ကဲ ... အားလုံး သတိဝီရိယနဲ့နေပေတော့၊

www.burmeseclassic.com

www.burmeseclassic.com



ရွာစပ်တဲ့တန်းလျားမှာနေတဲ့လူတွေ ရွာထဲက ဘုန်းကြီးကျောင်း ရွှေ့နေကြ၊ ဒီညကစပြီး . . . တစ်ရွာလုံး မိုးလင်းပေါက် မီးထွန်းရမယ်ဟေ့”

လို့ ဆော်ဩပြီး ခြေလှမ်းကျဲကြီးနဲ့ လှည့်ထွက်သွားတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၃ )

## သမန်းကျားက ဘယ်လိုဒုက္ခပေးမှာလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## သမန်းကျားဒဏ္ဍာရီ

ကန်ရိုးတစ်ရှာလုံး အောက်လင်းမီးတွေ ထိန်ထိန်ညီးနေတယ်။

ဘုန်းကြီးကျောင်းရှိ ဇရပ်ကြီးနားမှာတော့ ရွာစပ်တဲတန်းမှ လူအားလုံး စုပြုံအိပ်စက်နေကြတယ်။

ပိန္နဲပင်ကြီးအောက် ကွပ်ပျစ်ပေါ်နေတော့ သက်ကြီးပိုင်း လူတစ်စုနဲ့ လူငယ်တစ်သိုက် စကားဝိုင်းဖွဲ့နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကွပ်ပျစ်ပေါ်ရှိ လူတွေဟာ ပဲခြမ်းသုပ်၊ ထန်းလျက်၊ ပဲလှော် အစရှိတဲ့ စားဖွယ်တွေစားသောက်ရင်း အာဘောင်အာရင်းသန်စွာ စကားတွတ်ထိုးငြင်းခုန်နေတယ်။

"ကျုပ်တို့က ခေတ်လူငယ်တွေဗျ ... သမန်းကျားဆိုတာကို လက်မခံဘူး"

ရွာသားငယ်တစ်ယောက်ရဲ့စကားကို သက်ကြီးပိုင်းက ...

"သမန်းကျားဆိုတာ တကယ်ရှိတယ်၊ ဒါကို လက်မခံလို့ မရဘူးကွ၊ မင်းတို့လူငယ်တွေ မသိသေးတဲ့အရာတွေ အများကြီးရှိ တယ်"

ထိုစကားကြောင့် လူငယ်တစ်စုဟာ မကျေမနပ်ဖြစ်သွားပြီး

"ကဲ ... ဒါဆို ကျုပ်တို့ယုံနိုင်လောက်တဲ့ သက်သေပြ၊ သမန်းကျားအကြောင်း ပြောစမ်းပါ"

လို့ ပြောလိုက်တဲ့အခါ လေးမြို့င်ဆိုတဲ့ အသက်ခုနစ်ဆယ် အရွယ် အဘိုးအိုက ...

"တို့ငယ်ငယ်က သမန်းကျားနဲ့ပတ်သက်တဲ့ အိပ်ရာဝင်ပုံပြင် တစ်ပုဒ်ရှိတယ်၊ ပုံပြင်အတိုင်းပြောရမယ်ဆိုရင် တစ်ခါတုန်းက မှော်

www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်တဲ့ အောက်လမ်းဆရာကြီးတစ်ယောက်ဟာ သူ့သားကို သမန်းကျားပညာရပ်တွေ သင်ပေးထားတယ်၊ သမန်းကျားပညာရပ်ဆိုတာက အဝတ်အစားတွေချွတ်လိုက်ရုံနဲ့ ကျားအဖြစ် အသွင်ပြောင်းသွားသတဲ့၊ သားကောင်နဲ့အတူ သူ့သားပြန်လာတဲ့အခါ သူ့သားဝတ်တဲ့ အဝတ်ထုပ်နဲ့ ကိုယ်ကိုပစ်ပေါက်လိုက်မှ လူပြန်ဖြစ်တယ်ဆိုပဲ ...၊

ဒီလိုနဲ့ နှစ်တွေကြာတဲ့အခါ သားဖြစ်သူဟာ မိန်းမပျိုတစ်ဦးနဲ့ ချစ်ကြိုက်ပြီး လက်ထပ်ပေါင်းသင်းခဲ့တယ်၊ တစ်နေ့မှာတော့ မိန်းမက ဆိတ်သားဟင်းဆီပြန်လေးစားရရင်သိပ်ကောင်းမှာပဲရှင်လို့ ညည်းညူသတဲ့ ... မော်ဆရာကြီးရဲ့သားက သူတတ်မြောက်တဲ့ပညာကို မိန်းမကို ပြောပြလိုက်တယ်၊ ပြီးတော့ သမန်းကျားအသွင်နဲ့ ဆိတ်တစ်ကောင်ကို ကိုက်ယူခဲ့တယ်၊ မိန်းမဖြစ်သူဟာ ကျားကိုမြင်တော့ အဝတ်ထုပ်နဲ့မပစ်ဘဲ တောကျားအထင်နဲ့ ထိတ်လန့်ပြီး အော်ဟစ်လိုက်တယ် ...၊

ရွာသားတွေ ရောက်လာတဲ့အခါ ကျားနောက်ဝိုင်းလိုက်ကြတယ်၊ ကျားကလည်း ဆိတ်ကိုပစ်ပြီး တောနက်ထဲ ပြေးဝင်သွားရ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူဟာ သမန်းကျားအဖြစ်က လွတ်မြောက်ဖို့အတွက် ခုနစ်ရက် တိတိ သူ့မိန်းမရှိရာ သွားခဲ့တယ်၊ သူ့မိန်းမကလည်း ခုနစ်ရက်လုံး ထိတ်လန့်ပြီး အော်ဟစ်အကူအညီတောင်းခဲ့တယ်၊ ရွာသားတွေက လည်း သူ့နောက်ကို ဝိုင်းလိုက်ကြပြန်တယ် …၊

သမန်းကျားရဲ့သဘောက ခုနစ်ရက်အတွင်း လူပြန်မဖြစ်ရင် သမန်းကျားစင်စစ်ဘဝကို ကူးပြောင်းသွားတတ်သတဲ့၊ သူလည်း ခုနစ် ရက်ပြည့်သွားတဲ့အတွက် သမန်းကျားစစ်စစ် ဖြစ်သွားရတယ်၊ ဒါ ကြောင့် သူဟာ မိန်းမကိုစိတ်နာပြီး ကိုက်သတ်ပစ်လိုက်တယ်၊ ပြီးတော့ ရွာသားတွေကိုပါ ကိုက်ဆွဲတယ်၊ အဲဒီနောက်မှာတော့ တစ်ရွာလုံး သမန်းကျားရဲ့ကိုက်သတ်မှုကြောင့် သေကျေပြီး ရွာပျက်ကြီးဖြစ်သွား ရရှာတယ် …၊

သမန်းကျားဟာ တစ်ကိုယ်လုံး ကျားအသွင်ရှိပေမယ့် ခြေ လက်တွေက လူအတိုင်းပဲလို့ ဆိုကြတယ်။ လူတစ်ယောက်ရဲ့ စိတ် အသိဉာဏ်ရှိတဲ့အတွက် သမန်းကျားကို မုဆိုးတွေဖမ်းဆီးဖို့ ခဲယဉ်း ခက်တယ်၊ သမန်းကျားကို တော်ရုံထောင်ဖမ်းလို့ မရဘူး၊ သူတို့ဟာ မာယာပရိယာယ်များပြီး လူ့ရည်သိပ်ပါးကြတယ်တဲ့။”

www.burmeseclassic.com

www.burmeseclassic.com



ဘိုးလေးမြိုင်ရဲ့စကားဆုံးတဲ့အခါ ရွာသားလူငယ်တွေက ...

"သမန်းကျားပုံပြင်ကြားရတာ ရင်ထဲမောသွားတာပဲ၊ သမန်းကျားကြောင့် ရွာသားတွေသေဆုံးခဲ့တဲ့ ရွာကရော တကယ်ရှိလား ဘိုးလေးမြိုင်"

လို့ မေးလိုက်တဲ့အခါ ဘိုးလေးမြိုင်က အကြမ်းခွက်ကို မော့သောက်ရင်း ...

"ရှိတယ်ကွ၊ အဲဒါ အဝေးမှာမဟုတ်ဘူး ... တို့ ကန်ရိုးရွာနဲ့ တောကိုသွားတဲ့ လမ်းခုလတ်မှာတင်ရှိတာ၊ တချို့က အဲဒီရွာပျက်နေရာဟာ အခြောက်အလှန့်သိပ်ကြမ်းတယ်လို့ ပြောကြတယ်၊ တို့များလူပျိုပေါက်အရွယ်ကဆို အဲ့ဒီနေရာကို ဘယ်သူမှ မသီရဲကြဘူး၊ တောဝင်ရင်တောင် တခြားလမ်းက ကွေ့သွားကြတာ မောင်ရင်ရဲ့"

"အခြောက်အလှန့် ကြမ်းတယ်ဆိုတော့ ကြုံဖူးတဲ့လူရှိလို့လား၊ အဲဒီနေရာကို ကျူပ်တို့ဖြတ်သွားကြတာပဲ ... ဘာမှမဖြစ်ပါဘူး"

မချင့်မရဲဝင်မေးတဲ့ ရွာသားတစ်ယောက်ကို ဘိုးလေးမြိုင်က ...

"သိပ်ရှိတာပေါ့ လူလေးရဲ့ ... ဟိုတုန်းက ရှေ့ပြည့်ညတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆို ရွာပျက်ကြီးဆီက လှည်းသံ,လူသံတွေ အတိုင်းသားကြားရတယ်၊ ရွာပျက်ကြီးနဲ့ပတ်သက်ပြီး သစ်ခုတ်သမားတစ်ယောက်ရဲ့ အဖြစ်အပျက်ကိုပြောပြမယ်၊ သစ်ခုတ်သမားလူငယ်တစ်ဦးဟာ နေဝင်ရီတရောအချိန်မှာ တောဘက်ကပြန်လာခဲ့တယ်၊ သစ်ခုတ်သမားကလည်း မင်းတို့လိုပဲ ဘာအယူအဆ, အစွဲအလမ်းမှ လက်မခံတဲ့လူကွဲ့ ...၊

သူဟာ ရွာပျက်ကြီးကို ဖြတ်ပြီးပြန်ခဲ့တယ်၊ ရွာစပ်ရောက်တော့ သူ့နာမည်ခေါ်တာ ကြားရတယ်၊ သူက လှည့်ကြည့်ပြီးရှာပေမယ့် ဘယ်သူမှမတွေ့ရဘူး၊ ရွာရောက်တော့ သစ်ခုတ်သမားဟာ အကောင်းကြီးကနေ အဖျားဝင်တော့တယ်၊ သန်းခေါင်ချိန်လောက်မှာ အဝတ်အစားတောက်တောက်ပြောင်ပြောင်ဝတ်ထားတဲ့ မိန်းမပျိုတစ်ဦး သူ့ဆီရောက်လာတယ်၊ သူ့ကိုပွေ့ချီပြီး ခေါ်ထုတ်သွားတယ် ...၊

မိန်းမပျိုဟာ သူ့ကို စည်ကားတဲ့ရွာကြီးတစ်ရွာကို ခေါ်ဆောင်သွားတယ်၊ အိမ်ကြီးတစ်လုံးထဲ ခေါ်သွားပြီး ဆေးမျိုးစုံတိုက်တယ်၊ ပြီးတော့ စားကောင်းသောက်ဖွယ်တွေ ကျွေးမွေးပြီး ခုတင်ကြီးတစ်လုံးမှာ အိပ်စက်စေတယ်ဆိုပဲ၊ မိန်းမပျိုကိုယ်တိုင် တစ်ညလုံး သူနဲ့

www.burmeseclassic.com

www.burmeseclassic.com



အတူ မွေ့ရာတစ်ခုထဲ အိပ်စက်ခဲ့ကြတယ်၊ အဲ ... နောက်နေ့မနက် သူ နိုးထလာချိန်မှာတော့ သူ အကြီးအကျယ် ထိတ်လန့်ချောက်ချား သွားတယ်၊ ဘာကြောင့်လဲဆိုတော့ သစ်ခုတ်သမားလေးဟာ တောအုပ်နဲ့ တို့ရွာကြားမှာရှိတဲ့ ရွာပျက်ကြီးနေရာမှာ ရောက်နေလို့ပါပဲ ...၊

အဲဒီအချိန်ကစပြီး သစ်ခုတ်သမားလေးဟာ တစ်ညတာ ကြုံတွေ့ပေါင်းဖက်ခဲ့ရတဲ့ မိန်းမပျိုကို အစွဲကြီးစွဲလမ်းပြီး မစားနိုင်, မအိပ်နိုင် ဖြစ်ခဲ့ရတယ်၊ နောက်ဆုံးတော့ သစ်ခုတ်သမားလေးဟာ အဲဒီ့စိတ်ကြောင့်ပဲ သွက်သွက်ခါအောင် ရူးသွပ်သွားရှာတယ်”

လို့ ဇပြောပြတယ်။ ကာလသားတစ်ယောက်က ...

“သစ်ခုတ်သမားရဲ့အဖြစ်က ကြေကွဲစရာပဲ၊ ဒါနဲ့ ... သူနဲ့မိန်းမပျိုအကြောင်းကို ဘိုးလေးမြိုင်တို့ ဘယ်လိုသိတာလဲ၊ သစ်ခုတ်သမားလေးရော အခု ... ဘယ်ရောက်သွားသလဲ”

လို့ အမေးမြန်းထုလိုက်တယ်။

“သိတာပေါ့ကွယ် ... သူဟာ ကျုပ်နဲ့လည်ပင်းဖက် ကြီးလာတဲ့ ငယ်သူငယ်ချင်းအရင်းကြီးကွဲ၊ အဲဒီတုန်းက သူကြုံတဲ့အဖြစ် အပျက်ကို ကျုပ်ကိုဖွင့်ပြောပြတယ်၊ သူ မရူးခင်အချိန်ထိ ညစဉ်ည

www.burmeseclassic.com

www.burmeseclassic.com



တိုင်း သူ့ရဲမိန်းကလေးကို စွဲလမ်းတဲ့အကြောင်း ပြောပြတာ မကြားချင်မှအဆုံးပဲ၊ သူ အခုအချိန်ထိ သက်ရှိထင်ရှားရှိနေတယ်၊ မင်းတို့အခု ဘိုးလေးပိုင်းလို့ခေါ်ပြီး စ,နောက် မုန့်ကျွေးပြီး ကစုန်နိုင်းတဲ့အရှုးဝိုင်းသော်ဟာ သစ်ခုတ်သမားလေးပါပဲ''

ဘိုးလေးမြိုင်ရဲ့စကားကြောင့် သူတို့အားလုံး တအံ့တသြဖြစ်သွားရတယ်။

ဘုန်းကြီးကျောင်းဝန်းထဲ ရွာသားတွေ စကားကောင်းနေစဉ်မှဆိုးကြီးပန်းအောင်တို့ဟာ ရွာစပ်တဲလေးမှာ ငုတ်တုတ်ထိုင်နေကြတယ်။

တေကြီးက 'ဝါး' ခနဲ သမ်းဝေလိုက်ရင်း . . .

''ခလောက်သံလည်း မကြားဘူး . . . ကျုပ် အိပ်ချင်ပြီ ဆရာကြီး''

လို့ ညည်းတွားလိုက်တဲ့အခါ ဘိုးအုပ်က . . .

''အိပ်လို့ဘယ်ဖြစ်မလဲကွ . . . ညက ကျားဆွဲခံရတဲ့ကလေးနောက် လိုက်တော့ ဆွဲသွားတဲ့စွပ်ကြောင်းပဲ တွေ့ခဲ့တယ်၊ ကျားထောင်ကိုင်းကို ဒီကောင်တိုးမှာ သေချာတယ်ကွ''

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

မှဆိုးကြီးကတော့ ဘာစကားမှမဆိုဘဲ ဆေးပြင်းလိပ်ကိုသာ အငွေ့ထောင်းထောင်းထအောင် ဖွာရှိုက်နေတယ်။ ဒီအချိန်မှာပဲ ... တောစပ်ဆီမှ ပျံ့လွင့်လာတဲ့ ခလောက်သံကိုကြားလိုက်ရတယ်။

သူတို့အားလုံး ထိုင်ရာမှ ဆတ်ခနဲထပြီး တောစပ်ဘက် ထွက်ခဲ့ကြတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၄ )

## မုဆိုးကြီးတို့ တောစခန်းမှာ ဘာဖြစ်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေရဲ႕ယံ

မဆိုးႀကီးတို႔ ေတာစပ္ေရာက္ေတာ့ ႏြားခေလာက္သံက ရပ္သြားတယ္။

မဆိုးပန္းေအာင္ဟာ မ်က္ေမွာင္ႀကဳတ္သြားၿပီး ႏြားမသေနဲ႔ ေထာင္ထားတဲ့ က်ားေထာင္ကိုင္းအနီး ခ်ဥ္းကပ္လိုက္တယ္။

သူတို႔သုံးေယာက္ မ်က္လုံးအစုံ ျပဴးက်ယ္သြားရေခ်ၿပီ။

www.burmeseclassic.com

www.burmeseclassic.com



နွားမအသေ့က ဒီအတိုင်းရှိနေပြီး ဘာကျွားမှမတွေ့ရ။ မုဆိုးကြီးက ကိုင်းကြိုးကို စစ်ဆေးရင်း ...

"ဘယ်လိုဖြစ်တာလဲကွ ... ကိုင်းကြိုးလည်း မပြတ်, ကွင်းလည်းမလျော့ဘူး၊ ကျားမတိုးဘဲ ဘာကြောင့် ခလောက်မြည်သလဲ"

လို့ ရေရွတ်ပြီး ကျားထောင်ကိုင်းကို သေချာပြန်ထောင်လိုက်တယ်။

တေကြီးက မုဆိုးကြီးရဲ့အနီး တိုးကပ်လာပြီး လေသံအုပ်အုပ်နဲ့ ...

"တောခြောက်တာများ ဖြစ်မလား ဆရာကြီး ... ကျုပ်ကျုပ်တို့ ရွာအမြန်ပြန်ရအောင်"

လို့ ပြောလိုက်တဲ့အခါ မုဆိုးကြီးက ...

"တောခြောက်တာတို့,လှန့်တာတို့ကို တခြားမုဆိုးတွေ လက်ခံကြပေမယ့် ငါ လုံးဝအယူမရှိဘူး၊ တို့ကျားထောင်ကိုင်းမှာ ခလောက်သံမြည်တာ ထူးဆန်းနေပေမယ့် မင်းပြောတာ ငါ လက်မခံဘူးဟေ့"

လို့ ပြောချလိုက်တယ်။ သုံးဦးသား ရွာဘက်ပြန်ထွက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



တောကြီးကတော့ ကြောက်စိတ်ကြောင့် မျက်လုံးစုံမှိတ်ပြီး ဘိုးအုပ်ရဲ့အင်္ကျီစကို ဆွဲရင်း ပါလာတယ်။ ကြီးမားတဲ့ အပင်ကြီးတစ်ပင် အောက် အရောက်မှာတော့ ...

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

ကြားလိုက်ရတဲ့ ရယ်မောသံကြောင့် တောကြီးနဲ့ဘိုးအုပ်ဟာ ကြက်သီးဖျန်းဖျန်းထပြီး မျက်လုံးများဝိုင်းစက်သွားရတယ်။

မုဆိုးပန်းအောင်က တောလိုက်ဓားကို ကျစ်နေအောင်ကိုင် ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်တယ်။

အဆက်မပြတ်ကြားနေရတဲ့ ရယ်သံကြီးကလွဲရင် သစ်ရွက် လေတိုးသံပဲ ရှိတယ်။

ဘာအရိပ်အယောင်မှ မမြင်ရဘူး။

တပည့်ကျော်တောကြီးတစ်ယောက် ကြောက်လွန်းလို့ ဒူးရိုက် နေပြီ။ ဘိုးအုပ်က ဆရာဖြစ်သူကို ...

"ဆ ... ဆရာကြီး ... ကျုပ်တို့ အမြန်ပြေးရအောင်၊ တော

www.burmeseclassic.com

www.burmeseclassic.com



ကြီးပြောသလို တောခြောက်နေပြီ . . . တော်ကြာ အသက်နှုတ်သွားရင် ဒုက္ခ''

လို့ ပြောမဆုံးခင်ဘဲ သူ့ရှေ့ကိုပြူတ်ကျလာတဲ့ 'ဘုတ်' ခနဲ အသံကို ကြားလိုက်ရတယ်။

ဘာပြောကောင်းမလဲ . . . တပည့်ကျော်နှစ်ယောက်ဟာ ဆရာဖြစ်သူကို တစ်ဖက်တစ်ချက်ဆွဲပြီး ပုဆိုးမသယ်နိုင်အောင် ရွာထဲပြေးခဲ့ကြတယ်။

အိမ်ရောက်တော့ နှစ်ယောက်သား ရေအိုးဆီပြေးပြီး အလုအယက်ခပ်သောက်ကြတယ်။

မုဆိုးပန်းအောင်က သူတို့ရဲ့ ငါကို နောက်ကနေ ဆောင့်ကန်လိုက်ပြီး . . .

"ငါ့တပည့်လုပ်ပြီး အသည်းငယ်တဲ့ကောင်တွေ . . . မင်းတို့ နှစ်ယောက် ဒီနေ့ကစပြီး တပည့်အဖြစ်က စွန့်ပယ်လိုက်ပြီ၊ သွား . . . အထုပ်ဆွဲပြီး အိမ်ပြန်ကြတော့"

လို့ ဒေါသတကြီး အော်ငေါက်ပစ်လိုက်တယ်။ မုဆိုးကြီးရဲ့ စကားကြောင့် နှစ်ဦးသား ရေနှင်မတတ်ဖြစ်ပြီး ရေခွက်တွေ လွတ်ကျ

www.burmeseclassic.com

www.burmeseclassic.com



ကိုနှစ်တပ်ယ်။

"ဒီ . . . ဒီလိုတော့ မဆုံးဖြတ်ပါနဲ့ ဆရာကြီးရယ်၊ ဆရာကြီး တမည့်နေရာက ရှာတွေ့ပြုတ်ရင် ကျုပ် ဒီတစ်သက် မိန်းမရတော့မှာ မဟုတ်ဘူး"

ဝဲတောကြီးရဲ့စကားကြောင့် မုဆိုးကြီးဟာ ဒေါသပိုထွက်ပြီး . . .

"လက်စသတ်တော့ မင်းက မုဆိုးအလုပ်ကို ဝါသနာပါလို့ ငါ့ဆီရောက်လာတာမှ မဟုတ်ဘဲ၊ ဒီလိုတပည့်မျိုး ပညာသင်လည်း ကျွဲပါးစောင်းတီးဖြစ်တော့မယ်ဟော့"

လို့ ပြောလိုက်တဲ့အခါ ဘိုးအုပ်က . . .

"ဟုတ်ပါတယ် ဆရာကြီးရယ် . . . ဒီကောင် ဝဲတောကြီးက ကွမ်းတောင်ကိုင်မိညှပ်ကို ချိန်နေတာဗျ၊ ဟိုက မုဆိုးပန်းအောင်လို သတ္တိကောင်းတဲ့မုဆိုးဖြစ်မှ လက်ခံမယ်လို့ပြောခဲ့တာ၊ ဆရာကြီးမှ မကယ်ရင် ဒင်း ဒီတစ်သက် မိန်းမမရနိုင်ဘူး၊ ပြီးတော့ ကျုပ်တို့ကို ဗွေမယူပါနဲ့ . . . ဆရာကြီးကိုယ်တိုင်လည်း ရယ်သံကြီး ကြားခဲ့တာပဲ ဆရာကြီးရဲ့လက်ရုံးရည်ကို ယုံကြည်ပေမယ့် တောခြောက်တယ်ဆိုတာ မမြင်ရတဲ့အရာဗျ၊ ဆရာကြီးကို ကျုပ်တို့ အရှုံးမခံနိုင်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရအောင် ဆွဲခေါ်ခဲ့တာပါ၊ စေတနာအများပါ ဆရာကြီးရယ် ... တပည့်တို့ကို ခွင့်လွှတ်ပေးပါ"

လို့ တောင်းပန်တိုးလျှိုးတယ်။ မုဆိုးကြီးက တပည့်နှစ်ယောက်ကိုကြည့်ပြီး သက်ပြင်းချရင်း ...

"ငါဟာ ဒီတောတောင်မှာ ကျင်လည်ခဲ့တာ နှစ်ပေါင်းမနည်းခဲ့ဘူး။ မနက်ကျရင် မင်းတို့ တောခြောက်ခံရတဲ့သက်သေကို ငါရှာပြမယ် ... ငါ့နောက်သာ လိုက်ခဲ့ပေတော့"

မုဆိုးကြီးရဲ့စကားကြောင့် တပည့်နှစ်ယောက်ဟာ မျက်လုံးအစုံပြူးကျယ်ပြီး 'ဟင်' ခနဲဖြစ်သွားကြတယ်။

မမြင်ရတဲ့ ပရလောကသားရဲ့ ခြောက်လှန့်မှုကို ဘယ်လိုသက်သေများ ပြနိုင်ပါ့မလဲ ...။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

## မုဆိုးကြီးရဲ့ တပည့်နှစ်ယောက် ဘာဖြစ်ကြမလဲ ...

www.burmeseclassic.com

www.burmeseclassic.com

( ၉ ) အပိုင်း

... [illegible]

**…ျှာနီကြီး**

နောက်တစ်နေ့ရောက်တော့ ... ငှက်ထောင်တဲ့ရွာသားတစ်
…ယောက် မုဆိုးကြီးရဲ့တဲကို ရောက်လာပြီး ...

"ရွာမှာတော့ တကယ့်ပြဿနာပဲဗျို့ ... သမန်းကျားကြီး
…သောင်းကျန်းနေသလို မကောင်းဆိုးဝါးတွေလည်း သောင်းကျန်းနေ
…"

www.burmeseclassic.com

www.burmeseclassic.com



လို့ အသံကျယ်ကျယ်နဲ့ ပြောလာတယ်။ မုဆိုးပန်းအောင်က ဒူးလေးကိုပြင်ဆင်ရင်း နှုတ်ဆိတ်နေပေမယ့် တပည့်ကျော်တော်ကြီးက ...

"ဘယ်လို ဘယ်လို ... မကောင်းဆိုးဝါးတွေ သောင်းကျန်းနေပြီ ... ဟုတ်လား။ တိုက်ဆိုက်လိုက်တာဗျာ ... ကျုပ်တို့လည်း ညက တောခြောက်ခံရတယ်"

လို့ ပြောလိုက်တဲ့အခါ ငှက်ထောင်သမားက ...

"တောခြောက်ခံရတာမှ တော်သေးတယ် ... ကျုပ်က ညက တခြွေနဲ့ကို ပက်ပင်းတိုးခဲ့တာဗျ။ တောစပ်မှာ ငှက်ထောင်ပြီး အချိန်မတော်မှ ကျုပ် ရွာဘက်ပြန်ခဲ့တာ၊ တစ်နေရာရောက်တော့ ဆေးပေါ့လိပ်ထုတ်ပြီး မီးညှိမလို့ပြင်တော့ ... ကျုပ် မီးခြစ်လည်းခြစ်လိုက်ရော အပင်ပေါ်က လျှာကြီးတစ်ခု ထွက်လာတာ ... နည်းတဲ့အရှည်ကြီး မဟုတ်ဘူး။ ကျုပ်လည်း ဆေးလိပ်တောင်မသောက်နိုင်ဘူး၊ တစ်ချိုးတည်း လစ်ပြေးတာ ရွာအရောက်ပဲဗျို့"

လို့ ပြောပြတယ်။ သူ့စကားကြောင့် တပည့်ကျော်နှစ်ယောက်ဟာ ဖက်ကလေးတွေပုပြီး ငြိမ်သက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးပန်းအောင်က သဘောကျဟန်နဲ့ တဟားဟားရယ်မောလိုက်တယ်။

မုဆိုးကြီးရဲ့ရယ်သံကြောင့် ငှက်ထောင်သမားဟာ မျက်နှာရှုံ့မဲ့သွားပြီး ...

"ဘာလဲ ..., မုဆိုးကြီးက ကျုပ်ပြောတာမယုံဘူးပေါ့၊ မယုံရင်လည်း စိတ်ထဲကပဲ ထားပါလား။ ဒီလိုရယ်တာ ကျုပ်ကိုလှောင်နေသလိုပဲ"

လို့ မကျေမနပ်ပြောလိုက်တဲ့အခါ မုဆိုးကြီးဟာ အရယ်ရပ်သွားတယ်။

"မင်း ငှက်ထောင်စားတာ ဘယ်လောက်ကြာပြီလဲကွ ... ဟေ"

မုဆိုးကြီးရဲ့အမေးကို ငှက်ထောင်သမားက ရင်ကော့ပြီး ...

"ကျုပ်တို့က မျိုးရိုးအဆက်ဆက် ငှက်ထောင်ဖမ်းလာတာဗျ၊ ကျုပ်ဆို လူမှန်းသိစအရွယ်ကတည်းက တောကျော်ဖြစ်နေတာ"

လို့ ပြောလိုက်တယ်။ မုဆိုးကြီးက ဒူးလေးကိုထမ်းပြီး ထရပ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါနဲ့ တောလိုက်ခဲ့ ... မင်းကို ပြစရာရှိတယ်၊ မနက်ကြီးတော့ တခြေမခြောက်နိုင်ပါဘူးကွ ... ဟုတ်တယ် မဟုတ်လား"

လို့ မေးလိုက်တဲ့အခါ ငှက်ထောင်သမားဟာ ယောင်ယမ်းပြီး ခေါင်းညိတ်ပြတယ်။

ထို့နောက်မှာတော့ မုဆိုးကြီးတို့လူစုဟာ တောစပ်ကို ထွက်ခဲ့ကြတော့တယ်။ တောအဝင်အပင်ကြီးတစ်ပင်နားရောက်တော့ ...

"မင်း ညက တခြေမြင်တာ ဒီအပင်မဟုတ်လားကွ"

မုဆိုးကြီးရဲ့အမေးကြောင့် ငှက်ထောင်သမားနဲ့ တေကြီးတို့ နှစ်ယောက်ပါ တအံ့တဩဖြစ်သွားရတယ်။

"ဟုတ်တယ် ... ကျုပ် တခြေမြင်တာ ဒီအပင်ပဲ"

ငှက်ထောင်သမားက ဖြေလိုက်သလို တေကြီးကလည်း ...

"ကျုပ်တို့ တောခြောက်ခံရတာလည်း ဒီနေရာပဲ ဆရာကြီး"

လို့ ပြောလိုက်တယ်။ မုဆိုးပန်းအောင်က ခေါင်းကို ဆတ်ခနဲညိတ်ရင်း ...

"တောခြောက်ခံရတာလည်း တခြေပဲ မဟုတ်လားကွ၊ ည

www.burmeseclassic.com

www.burmeseclassic.com



က မင်းတို့ကိုခြောက်လှန့်တဲ့ တစ္ဆေကို ငါဖမ်းပေးမယ်၊ ဝါသနာပါရင် တစ္ဆေသားဟင်းတောင် ချက်စားလို့ရတယ်ကွ ... မင်းတို့ စောင့်ကြည့်ပေတော့''

လို့ပြောပြီး အပင်ကြီးနား လျှောက်သွားတယ်။ ငှက်ထောင်သမားဟာ မုဆိုးကြီးရဲ့စကားကြောင့် ကြောက်လန့်တကြားပုံစံနဲ့ ပခုံးတွန့်လိုက်ရင်း ...

''အမလေး ... တစ္ဆေသားတော့ မစားပါရစေနဲ့၊ တစ္ဆေဘဝပြောင်းသွားလို့ ကျုပ်မိန်းမ ထမင်းငတ်နေပါ့မယ်''

လို့ ရေရွတ်လိုက်သလို၊ မုဆိုးကြီးရဲ့ တပည့်ကျော်နှစ်ဦးမှာလည်း မျက်နှာသေလေးနဲ့ ရင်တဒိတ်ဒိတ်ခုန်နေတယ်။

သူတို့စိတ်ထဲမှာ တစ္ဆေသားချက်ပြီး မကျွေးပါစေနဲ့ ကျိတ်ပြီးဆုတောင်းနေကြတယ်။

တကယ်တော့ ... တစ္ဆေဆိုတာ မမြင်ရတဲ့အရာ။ ဒါကိုဖမ်းမယ်ဆိုတော့ သူတို့ဆရာများ သရဲစီးလေရော့သလား။

အတွေးများစွာနဲ့ တပည့်ကျော်နှစ်ယောက် ဖောင်းပျံပြီးခြေလက်များ အေးစက်နေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးပန်းအောင်ဟာ အပင်ပေါ်ကို ကျွမ်းကျင်စွာ တက်သွားတယ်။ ပြီးတော့ သစ်ခေါင်းကြီးထဲ ခေါင်းလျှိုပြီး နှိုက်ယူနေတယ်။

အပင်နဲ့မလှမ်းမကမ်းမှာ ရပ်နေတဲ့ တေကြီးတို့ဟာ ယောင်ယမ်းပြီး ခြေတစ်လှမ်းနောက်ဆုတ်လိုက်မိတယ်။ သုံးယောက်သားအသက်မရှူမိလောက်အောင်ကို ရင်ခုန်နှုန်းမြန်နေပြီ။

ကွမ်းတစ်ယာညက်ခန့်အကြာ ... မုဆိုးပန်းအောင်ဟာ အပင်အောက် ပြန်ဆင်းလာတယ်။

"ရော့ ... ဒါ မင်းတို့ကိုခြောက်လှန့်တဲ့ တစ္ဆေပဲ"

မုဆိုးပန်းအောင်ရဲ့စကားကြောင့် သူတို့အားလုံးပြိုင်တူ

"တစ္ဆေမှ မဟုတ်တာ ... ဒါ သင်းခွေချပ်ကြီးပဲ"

လို့ ရေရွတ်လိုက်မိတယ်။ မုဆိုးပန်းအောင်က သင်းခွေချပ်ကောင်ကို ဘိုးအုပ်လက်လှမ်းပေးပြီး ဆေးပြင်းလိပ်ကို ဖွာရှိုက်လိုက်တယ်။

"အင်း ... မင်းတို့လိုလူတွေကြောင့် အနာဂတ်မုဆိုးတွေရဲ့အရေးက ရင်လေးစရာပဲ၊ မုဆိုးတစ်ယောက်ဟာ တောတောင်ရေမြေသဘာဝနဲ့ တိရစ္ဆာန်တွေရဲ့ နေထိုင်ကျက်စားပုံ၊ သူတို့ရဲ့အစာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကိုပါ သိထားရမယ်၊ ပြီးတော့ . . . မုဆိုးတစ်ယောက်ဟာ ဖြတ်ထိုးဉာဏ်နဲ့ ဆင်ခြင်တုံတရားလည်း ရှိသင့်တယ်ကွ၊ အကြောင်းအရာတစ်ခုကို ဆက်စပ်ပြီး တွေးခေါ်နိုင်စွမ်းရှိရမယ် . . .၊

ဟောဟိုအပင်အောက်ကို ကြည့်လိုက်စမ်း၊ ပုလင်းတစ်လုံးမြင်တယ်မဟုတ်လား . . . အဲဒါ အရက်ပုလင်းပဲကွ၊ တချို့သောမုဆိုးနဲ့ ဝါးခုတ်သမားတွေဟာ ရဲဆေးတင်တဲ့အနေနဲ့  ရက်ကို ရေလိုသောက်ပြီး တောဝင်လေ့ရှိတယ်၊ တောပြန်ဆိုလည်း ရလာတဲ့သားကောင်နဲ့ သစ်ဝါးတွေကြောင့် အော^င်ပွဲခံတဲ့အနေနဲ့ လူစုပြီး အရက်ဝိုင်းဖွဲ့လေ့ရှိတယ် . . .၊

ငါ့အထင် မလွဲဘူးဆိုရင် . . . အရက်သမားတစ်ဖွဲ့ဟာ ဒီအပင်အောက်မှာ ဝိုင်းဖွဲ့အရက်သောက်ကြမယ်၊ ပြီးတော့ ထွေရာလေးပါးပြောဆိုပြီး တဟီးဟီးတဟားဟားနဲ့ ဟားတိုက်ရယ်မောကြလိမ့်မယ်၊ ဒါကို သစ်ခေါင်းထဲအောင်းနေတဲ့ သင်းခွေချပ်က ကြားပြီးမှတ်ထားမယ်၊ ဒါဟာ သင်းခွေချပ်တွေရဲ့ ထူးခြားမှုပဲ၊ သူတို့ဟာ ကြားသမျှအသံကို မှတ်တေးပြီး အဲဒီအသံအတိုင်း လိုက်မြည်လေ့ရှိတယ်ကွ . . .၊

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ခလောက်သံကြားလို့ ညက လာခဲ့တယ်၊ အပြန် ဒီအပင်အောက်ရောက်တော့ ဟားတိုက်ရယ်မောသံကြီး ကြားရတယ်၊ ဒါကို ကျုပ်ရဲ့တပည့်ကျော်သတ္တိခဲနှစ်ယောက်က တောခြောက်ပြီဆိုပြီး ကျုပ်လက်ကိုဆွဲပြီး တစ်ချိုးတည်း လစ်ပြေးခဲ့ကြတယ်၊ တကယ်တော့ ဒါဟာ လူအသံကိုမှတ်ထားပြီး အသံပြုလိုက်တဲ့ သင်းခွေချပ်လက် ချက်ပါပဲ''

မုဆိုးကြီးက စကားရပ်ပြီး ဘူးသီးခြောက်ရေဘူးထဲက ရေကို မော့သောက်... ...တယ်။ ငှက်ထောင်သမားက စိတ်မထိန်းနိုင်ဘဲ

''ဒါဆို ... ကျုပ်မြင်တဲ့ လျှာနီကြီးကရော''

လို့ မေးလိုက်တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၆ )

## လျှာနီကြီးက ဘာလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## တောကြောင်ဖမ်းပွဲ

မုဆိုးပန်းအောင်က ရေကို အားရအောင်သောက်ပြီးမှ . . .

"အပင်ပေါ်ကို ကြည့်လိုက်စမ်း . . . ခါချဉ်အုံကြီး တွေ့တယ် မဟုတ်လား။ သင်းခွေချပ်တွေဟာ ပိုးမွှားပုရွက်ဆိတ်တွေကို ဖမ်းယူစားသောက်တဲ့အခါ သူတို့ရဲ့လျှာအရှည်ကြီးကိုထုတ်ပြီး ဖမ်းပွဲလေ့ရှိတယ်၊ မင်း ညက မီးခြစ်ကိုခြစ်လိုက်တဲ့အချိန်မှာ သင်းခွေချပ်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ခါချဉ်အုံကို သစ်ခေါင်းထဲက လှမ်းပြီး သူ့ရဲ့လျှာအရှည်ကြီးနဲ့ ဖမ်းယူနေချိန် ကြုံသွားတာကွ၊ တချို့သောလူတွေဟာ တောထဲ နာမည်ခေါ်သံကြားရတယ်၊ အသံကိုလိုက်ရှာရင် လူမတွေ့တဲ့အခါ သရဲခြောက်တယ်, တောခြောက်တယ်ထင်ပြီး လိပ်ပြာနုတဲ့လူတွေဆို အသက်ပါ ပါသွားနိုင်တယ်ကွ၊ တကယ်တော့ ဒီလိုခေါ်သံကြားရခြင်းဟာ သင်းခွေချပ်တွေရဲ့ လက်ချက်ပါပဲ ...၊

ကဲ လုံး ... ငါတို့ တောထဲဝင်တော့မယ်၊ ဒီကောင်ကြီးကို ယူသွားပြီး အိမ်ရောက်ရင် ရေနွေးပွက်ပွက် ဆူအောင်တည်၊ ပြီးရင် သူ့ကိုထည့်လိုက်၊ အရေခွံကွာကျပြီး တစ်ခါတည်း သေသွားလိမ့်မယ်၊ ပြီးမှ ကြက်သွန်ဆီသတ်ပြီး ဆီပြန်အောင်ချက်ပေတော့၊ အဲဒါ မင်းကိုခြောက်လှန့်ခဲ့တဲ့ တစ္ဆေသားဟင်းပဲကွ ... ဟား ဟား ဟား"

မုဆိုးပန်းအောင်ရဲ့ စကားအဆုံးမှာတော့ ငှက်သမားငလုံးဟာ ရှက်ရှက်နဲ့ သင်းခွေချပ်ဆွဲပြီး ထွက်သွားတော့တယ်။ မုဆိုးကြီးနဲ့ တပည့်ကျော်နှစ်ဦးလည်း ကျားထောင်ကိုင်းရှိရာ ထွက်ခဲ့ကြတယ်။

"သင်းခွေချပ်တွေရဲ့အကြောင်းက သိပ်စိတ်ဝင်စားဖို့ကောင်းတယ်၊ သူတို့အကြောင်း ဆက်ပြောပြပါ ဆရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



တပည့်ကျော် ဘိုးအုပ်ရဲ့စကားကြောင့် မုဆိုးကြီးဟာ ကွမ်းတစ်ရာကို ထုတ်ဝါးလိုက်ရင်း ...

"သင်းခွေချပ်တွေရဲ့ တစ်ကိုယ်လုံးမှာ မာကျောတဲ့ အကြေးခွံတွေရှိတယ်၊ ရန်သူနဲ့ရင်ဆိုင်တဲ့အခါ ကိုယ်ကို ကရွတ်လိုခွေပြီး ငြိမ်သက်နေတတ်တယ်၊ ဒင်းတို့ကို ကိုက်ခဲရင် ကိုက်တဲ့အကောင်ပဲ သွားကျိုးတယ်၊ ဒင်းတို့ကိုထုရိုက်လည်း မသေနိုင်ဘူးကွ၊ ဆူပွက်နေတဲ့ ရေနွေးထဲထည့်မှ သေနိုင်တယ်၊ သင်းခွေချပ်တွေမှာ သွားမရှိဘူး။ လျှာကတော့ အင်မတန်ရှည်လျားတယ်၊ သူတို့သားပေါက်ရင် သုံးကောင်အထိ ပေါက်တတ်တယ်၊ ပိုးပုရွက်နဲ့ခါချဉ်ကောင်ကို သူတို့နှစ်ခြိုက်တယ်ကွ၊ ညကအကောင်ဆို သုံးပိဿာလောက် အချိန်စီးလိမ့်မယ်၊ အသားဆူဆူဖြိုးဖြိုးနဲ့ ချက်စားလို့ကောင်းတဲ့ အရွယ်ပဲကွ"

လို့ ရှင်းပြတယ်။ ကျားထောင်ထားတဲ့ကိုင်းဆီ ရောက်တဲ့အခါ မုဆိုးကြီးဟာ မျက်မှောင်ကြုတ်သွားပြီး ...

"တယ်လည်းထူးဆန်းပါလား ... ခုချိန်ထိ ကိုင်းမှာ ဒီကောင်ကြီး မမိသေးဘူး၊ ရွာအတွက် ပိုပြီး အန္တရာယ်ကြီးနေပြီဟေ့၊ ဒီကောင်ဟာ ရွာနားမှာတင် ကျက်စားနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ရေရွတ်လိုက်တယ်။ မုဆိုးကြီးဟာ ကျားထောင်ကိုင်းကို သေချာပြန်စစ်ဆေးပြီး …

"ကဲ … မင်းတို့နှစ်ကောင် တောကြောင်ရှာပြီး လိုက်ခဲ့၊ ငါ ရွာကိုပြန်နှင့်မယ်၊ ကျားဆိုးကြီးသတင်းကို ရွာစဉ်လှည့်ပြီး စနည်းနာရမယ်ဟေ့၊ ဒီနေ့ ဟင်းစားကတော့ ကြောင်သားပေါင်းပဲ၊ အမြန်ဆုံးရှာပြီး လာခဲ့ကြ"

ပြောရင်း လှည့်ပြန်သွားတယ်။

တေကြီးနဲ့ဘိုးအုပ် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ခေါင်းကုတ်လိုက်မိတယ်။

"ဟူး … ဆရာကြီးကတော့ ငါတို့ကို အားကိုးသွားပြီ၊ ငါက တောကြောင်မပြောနဲ့ … ကြွက်တောင် မိအောင်ပစ်နိုင်တာ မဟုတ်ဘူး၊ စိတ်ပျက်တယ်ကွာ"

တေကြီးရဲ့ ညည်းညူသံကြောင့် ဘိုးအုပ်က …

"စိတ်ပျက်မနေနဲ့ … မင်းအဖြစ်မရှိပေမယ့် ငါရှိတယ်ကွ၊ ဆရာကြီးလုပ်ကျွေးတဲ့ ကြောင်သားပေါင်းက သိပ်အရသာရှိတယ်၊ ငါ ရအောင်ဖမ်းမယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကြုံးဝါးလိုက်တယ်။ တောကြောင်ဖမ်းပွဲကျင်းပမည့် နှစ်ဦးသား ရင်ကော့ပြီး တောနက်ထဲဝင်ခဲ့ကြတယ်။ တောတွင်း ချောင်းလေးတစ်ခုနားအရောက်မှာတော့ ဘိုးအုပ်က ခြေလှမ်းတုံ့ သွားပြီး ...

"ဟိုနေ့က ဆရာကြီးမသိအောင် ချောင်းထဲမျှုံးထောင်ခဲ့တယ် ကွ၊ ခုလောက်ဆို ငါးမိနေလောက်ပြီ၊ ငါးရရင် ငါးသည် ဒေါ်ပိန်ဆီ မှာ ရောင်းပြီး ရွာဘုရားပွဲမှာ အပြတ်ကဲပစ်မယ်ကွ ... သွားကြည့် ရအောင်"

လို့ တက်ကြွစွာပြောလိုက်တယ်။ လူ့ပျင်းတေကြီးက မျက် နှာရှုံ့မဲ့ပြီး ...

"မင်းထောင်တဲ့ငါး ငါ ရမှာမှမဟုတ်ဘဲ၊ မလိုက်ချင်ပါဘူး။ ညောင်းနေပြီ ... ဒီနားမှာပဲ ထိုင်စောင့်မယ်ဟေ့"

လို့ ပြောရင်း မြေပေါ်ထိုင်ချလိုက်တယ်။ ဒါကြောင့် ဘိုးအုပ် ဟာ တစ်ကိုယ်တော်ချောင်းစပ်ထိ လျှောက်ခဲ့တယ်။ ချောင်းရှိ မျှုံးထောင်ရာအရောက်မှာတော့ ...

"ဟော့ကောင် တေကြီး ... အမြန်လာဦးကွ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ဘိုးအုပ်ရဲ့အော်သံကို ကြားလိုက်ရတယ်။ ငိုက်မျဉ်းနေတဲ့ တေကြီးလည်း ဘိုးအုပ်အတွက် စိုးရိမ်စိတ်ကြောင့် အသည်းအသန်ပြေးသွားတယ်။

"ဘာ ... ဘာဖြစ်တာလဲကွ ... မြွေပေါက်လို့လား"

တေကြီးရဲ့အမေးကြောင့် ဘိုးအုပ်က မြှူးကိုညွှန်ပြတယ်၊ ရေမှဆယ်ယူထားတဲ့ မြှူးကိုကြည့်လိုက်တဲ့အခါ တေကြီး မျက်လုံးပြူးသွားပြီး ...

"ဟင် ... ဘယ်လိုဖြစ်တာလဲ ... ငါးထောင် ကြောင်မိဖြစ်နေပါရောလား၊ တောကြောင်ကြီးကွ ... ဆူဖြိုးနေတာပဲ၊ အံ့ဩစရာပဲကွ"

ဒီအခါ ဘိုးအုပ်က ဆရာကြီးလေသံနဲ့ ...

"တို့ဆရာကြီးပြောသလို ဆက်စပ်တွေးကြည့်ရင် ဒီကောင်က ငါး,ပုစွန်တွေကို ချောင်းပြီးစားသောက်နေတဲ့ ကြောင်ဖားကြီးဖြစ်ရမယ်၊ သူ့ကိုယ်သူ လည်လှပြီထင်နေမှာပေါ့၊ ဟဲ ဟဲ ... မှဆိုးကျော်ဘိုးအုပ်ရဲ့ မြှူးနဲ့လည်းတွေ့ရော ဇီဝိန်ကြွေသွားရရှာရော၊ ရှာစရာအောင်မလိုတော့ဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ မုဆိုးကြီးရဲ့ တပည့်ကျော်နှစ်ဦးဟာ တောကြောင်ကိုဖမ်းပြီး တက်ကြွတဲ့ခြေလှမ်းအစုံနဲ့ ပြန်လာကြတော့တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၇ )

## ကန့်ရိုးရှာမှာ ဘာဖြစ်ဦးမလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## မုဆိုးကြီးရဲ့ဒေါသ

တပည့်ကျော်နှစ်ယောက် တဲအိမ်လေးဆီရောက်တော့ မီးပျိုးပြီး အသင့်စောင့်နေတဲ့ မုဆိုးကြီးကိုတွေ့ရတယ်။ မုဆိုးကြီးက တောကြောင်ကိုဆွဲယူပြီး အရေခွဲဆုတ်တယ်။

အတုံးလေးတွေတုံးပြီး ဆား၊ နနွင်းနဲ့ ရောနယ်တယ်။ ပြီးတော့ ရဲယိုရွက်တွေနဲ့ ကြောင်သားကို အထုပ်လေးတွေထုပ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒန်အိုးကြီးတစ်လုံးထဲ ရေထည့်ပြီး အပေါ်က သံဆန်ခါ လေးကို တင်တယ်။ ပြီးမှ ရဲယိုထုပ်လေးတွေတင်ပြီး အဖုံးကိုအုပ် လိုက်တယ်။

ဒန်အိုးမှ အငွေ့ထောင်းထောင်းထချိန်မှာတော့ မုဆိုးကြီးတို့ သုံးယောက်ဟာ နီတာရဲထမင်းနဲ့ ကြောင်သားပေါင်းကို မြိန်ယှက်စွာ စားသောက်ကြတယ်။

ဒီအချိန်မှာပဲ သူကြီးမြဒင်နဲ့ တပည့်ဂျေ ရောက်ရှိလာပြီး

"ဩော ... တစ်ရွာလုံး သမန်းကျားကြောင့် စားမဝင်ဖြစ် နေချိန်မှာ ပန်းအောင်တို့က တပည့်တပန်းခြံရံပြီး စားတော်ပွဲကြီး ကျင်းပနေကြပါလား၊ ဒီမယ် ပန်းအောင် ... မင်းကို အပြတ်ပြော မယ် ... နှစ်ရက်အတွင်း သမန်းကျားကို ရအောင်ဖမ်းရမယ်၊ မဖမ်း နိုင်ရင် အထုပ်အပိုးပြင်ပြီး ရွာကထွက်ပေတော့"

လို့ ရာဇသံပေး ဟိန်းဟောက်လာတယ်။ သူကြီးရဲ့ ရင့်သီးတဲ့ စကားကြောင့် မုဆိုးကြီးဟာ ထမင်းဇလုံကိုပစ်ချပြီး 'ဝုန်း'ခနဲ ထ ရပ်လိုက်တယ်။

"ခင်ဗျားစကားက ကျုပ်ကို သိပ်စော်ကားနေပြီ၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ရင် ကြိုက်တဲ့မုဆိုးမှာပြီး ကျားဖမ်းခိုင်းပါလား၊ အကြောင်းမဲ့ ကျူပ်ကို လာမဟောက်နဲ့၊ သည်းခံခြင်းဟာ အတိုင်းအတာရှိတယ်၊ ခင်ဗျားကြီး ခုချက်ချင်း ကျူပ်အိမ်ရှေ့က ထွက်သွား … သွား"

ပြောပြောဆိုဆို လုံရှည်ကိုကောက်ဆွဲပြီး အိမ်အောက် ပြေးဆင်းဖို့ ပြင်လိုက်တယ်။ တပည့်ကျော်နှစ်ဦးဟာ သူကြီးကို ရန်ပြုမည် ပြင်နေတဲ့ မုဆိုးကြီးကြောင့် ထိတ်လန့်ပြီး ထဆွဲကုန်တယ်။

မုဆိုးကြီးရဲ့ဒေါသနဲ့ လက်ရဲဇက်ရဲနိုင်ပုံကိုသိတဲ့ သူကြီးနောက်လိုက်တွေကလည်း သူကြီးကို ဝိုင်းဆွဲထားတယ်။ သူကြီးမြဒင်ဟာ တပည့်တွေရဲ့ဆွဲခြင်းနောက် ပါသွားလျက် …

"အေး … ငါပြောသလို နှစ်ရက်အတွင်း မလုပ်နိုင်လို့ကတော့ မင်း အိုးစားကွဲဖို့ပြင်ထားကွ … တောက်"

လို့ ကြုံးဝါးသွားတယ်။ မုဆိုးကြီးဟာ စိတ်မထိန်းနိုင်ဘဲ သူကြီးနောက်ပြေးလိုက်ဖို့ ပြင်လိုက်တယ်။ တေကြီးတို့နှစ်ယောက် ရှိသမျှအားကုန်သုံးပြီး ဝိုင်းဆွဲရင်း …

"တော်ပါတော့ ဆရာကြီးရယ် … သူကြီးမြဒင်အကြောင်း သိသားနဲ့၊ သူလိုလူအတွက် ဒေါသထွက်မနေပါနဲ့၊ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



မြဒင်ကြီး သိပ်ကြောက်နေတာ၊ သမန်းကျား သူ့ လာဆွဲမှာကြောက်လို့ ဆရာကြီးကို အသည်းအသန်ဖမ်းခိုင်းနေတာဗျ၊ ဒီလူကြီး အကြောင်း မသိရင် ခက်မယ်"

လို့ ဖျောင်းဖျစကားဆိုတယ်။ မုဆိုးကြီးဟာ ကွပ်ပျစ်ပေါ် 'ဝုန်း' ခနဲ ထိုင်ချလိုက်ပြီး ...

"အလကားလူကြီး ... သက်သက်မဲ့ ငါ့လာရမ်းသွားတယ်၊ သားကောင်ပစ်တဲ့မြားတံဟာ ဒင်းနဖူး စိုက်ဖို့နီးနေပြီ ... တောက် ... လုံးဝမကျေနပ်ဘူး"

လို့ ဆဲရေးရေရွတ်ရင်း ကွပ်ပျစ်ကို လက်သီးနဲ့ထိုးချလိုက်တယ်။

"စိတ်လျှော့ပါ ဆရာကြီးရယ် ... သူကြီး မတရားတာ မှန်ပေမယ့် တပည့်ကြီးတို့မှာ မိသားစုတွေရှိနေတယ်၊ ဆရာကြီး ရှာနှင်ခံရရင် တပည့်တို့လည်း ပါမှာသေချာပါတယ်၊ ဆရာကြီးကို အားကိုးမှီခိုနေတဲ့ တပည့်တို့မျက်နှာထောက်ထားပြီး ကျားဆိုးကို အမြန်ဆုံး ဖမ်းပေးလိုက်ပါ ဆရာကြီးရယ်၊ တပည့်တို့ အနူးအညွတ်တောင်းပန် ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



# နတ်ကျားဝိဥာဉ်

တောကြီးနဲ့ဘိုးအုပ် နှစ်ယောက်သား မျက်ရည်စို့နေတဲ့ မျက်နှာငယ်လေးတွေနဲ့ မုဆိုးကြီးကို လက်အုပ်လေးတွေချီပြီး ပြောလိုက်တယ်။

ဒေါသစိတ်ကြောင့် ဖားဖိုကြီးလို နီမှဲချည်မြင့်ချည်ဖြစ်နေတဲ့ မုဆိုးကြီးရဲ့ရင်ဘတ်ဟာ တဖြည်းဖြည်း ငြိမ်ကျသွားတယ်။

တပည့်ကျော်နှစ်ဦးရဲ့ခေါင်းကို လက်နဲ့ပွတ်သပ်ရင်း သက်ပြင်းကို 'ဟင်း …' ခနဲ ချလိုက်တော့တယ်။

"သူကြီးစတ်ကို ငါ ဂရုမစိုက်ဘူး။ မင်းတို့နှစ်ယောက်ရဲ့ မိသားစုအရေးကြောင့် ငါ ကျားဆိုးကို မြေလှန်ရှာတော့မယ်"

[illegible]

●●●●●

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း ( ၈ )

**မှဆိုးကြီးက သမန်းကျားကို နှိမ်နင်းနိုင်ပါ့မလား ...**

www.burmeseclassic.com

www.burmeseclassic.com

# ထိုညနေ

အမှောင်ထုကြီးစိုးနေသော ညအခါမှာ ကန်ရိုးရွာလေးဟာ ငြိမ်သက်တိတ်ဆိတ်နေတယ်။

ထိုအချိန် တောစပ်ဘက်မှ 'အား' ခနဲ ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့ အသံနက်ကြီးက ဟိန်းထွက်လာတယ်။ အော်သံ ကြားပေမယ့် တစ်ရွာလုံး မည်သူမှ တုတ်တုတ်မလှုပ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားစာကိုယ်စီရွတ်ရင်း အိပ်တွင်းအောင်းနေကြတာ သူကြီး မြဒင်အပါအဝင် …။ အော်သံကြောင့် ကျားဆိုးရဲ့အရိပ်အခြည်ကို စောင့်ဆိုင်းရတဲ့ မုဆိုးပန်းအောင် လုံ့ရှည်ဆွဲပြီး ထရပ်လိုက်တယ်။

အတုံးအရုံးအိပ်ပျော်နေတဲ့ တပည့်ကျော်နှစ်ယောက်ကို ကန် ကျောက်နှိုးပြီး တောဝင်ဖို့ပြင်တယ်။ ဒီအချိန်မှာပဲ လူတစ်ယောက် အူယားဖားယားပြေးလာပြီး …

"မု မုဆိုးပန်းအောင် … တုတ်ကြီးကို ကျားဆွဲသွားပြီ … ကယ်ပါဦးဗျို့"

ဆိုတဲ့အသံကို ကြားလိုက်ရတယ်။ ကြည့်လိုက်တော့ အရက် ချိုးစိန်မောင်ကို တွေ့ရတယ်။

"ဒီအချိန်ကြီး မင်းတို့ တောထဲ ဘာသွားလုပ်ကြသလဲ၊ မင်း တို့ မဟုတ်တာသွားလုပ်ကြသလား စိန်မောင် … ဟင်"

မုဆိုးကြီးရဲ့အမေးကို စိန်မောင်က အကြောက်မပြေသေး ဟန်နဲ့ …

"ဟုတ် … ဟုတ်ပါတယ် မုဆိုးကြီးရယ် … ကျုပ် … ကျုပ်နဲ့တုတ်ကြီး အရက်ဖိုးပြတ်သွားလို့ တစ်ဖက်ရွာက နွားကိုခိုးပြီး

www.burmeseclassic.com

www.burmeseclassic.com

# နတ်ကျားဝိညာဉ်

မြ

တောစပ်မှာ အမဲဖျက်ဖို့ သွားကြတာ၊ အမဲဖျက်ပြီး ပြန်ဖို့ပြင်တော့ ကျုပ်က ရှေ့က, တုတ်ကြီးက နောက်က၊ အဲဒီမှာ အော်သံကြားလို့ လှည့်ကြည့်လိုက်တော့ တုတ်ကြီးကို ကျားကြီးခုန်အုပ်ပြီး ကိုက်ဆွဲသွားတော့တယ်၊ ကျားက နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊ အဲ ... လူတွေပြောတဲ့ သမန်းကျားကြီးဗျ၊ သူ့လက်ကို ကျုပ်မြင်လိုက်တယ် ... လူ့ရဲ့လက် အတိုင်းပဲ"

လို့ပြောလိုက်တဲ့အခါ မုဆိုးကြီးဟာ မျက်နှာတင်းမာသွားပြီး ...

"အဓိပ္ပာယ်မရှိလိုက်တာဗျာ ... ဘာသမန်းကျားမှ မဟုတ်ဘူး၊ တုတ်ကြီးကိုဆွဲတာ ရိုးရိုးကျားပဲ၊ မင်း မူးရူးပြီး လျှောက်မပြောစမ်းနဲ့၊ မင်းတို့ သမန်းကျားလို့ထင်နေတဲ့ ကျားဆိုးကို ငါ ရအောင်ဖမ်းပြမယ်၊ သွား ... ရွာထဲဝင်တော့"

လို့ လေသံမာမာနဲ့ ပြောလိုက်တယ်။ စိန်မောင်လည်း စကားမဆက်ဝံ့ဘဲ ရွာထဲကို သုတ်ခြေတင်ခဲ့တယ်။

မုဆိုးပန်းအောင်ဟာ တပည့်နှစ်ယောက်ကိုခေါ်ပြီး လုံ့ရှည်ကိုယ်စီနဲ့ တောဘက်ထွက်ခဲ့တယ်။ တောစပ်ရောက်တော့ နွားရိုး

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းအကျန်နဲ့အတူ ကျားဆွဲသွားတဲ့ သွေးစွပ်ကြောင်းကြီးကို တွေ့လိုက်ရတယ်။

မုဆိုးကြီးတို့ဟာ စွပ်ကြောင်းကိုခြေရာခံပြီး သတိကြီးစွာနဲ့ လိုက်ခဲ့တယ်။ ပျဉ်းမပင်ကြီးတစ်ပင်အောက်ရောက်တော့ သွေးစွပ်ကြောင်းဟာ ထူးဆန်းစွာ ခြေရာပျောက်သွားတယ်။ မုဆိုးကြီးဟာ စွပ်ကြောင်းကို ဒူးထောက်ရှာဖွေရင်း ...

"သာမန်ဖြစ်ရိုးဖြစ်စဉ်နဲ့ ထူးနေတာတော့ အမှန်ပဲ၊ ကျားဆိုးဟာ တို့ထောင်တဲ့ နွားခလောက်ကျားထောင်ကိုင်းလည်း မတိုးဘူး။ အခု ... လူကိုဆွဲသွားတဲ့ စွပ်ကြောင်းလည်း ပျောက်သွားတယ်၊ ဒီတော့ ထောက်ချောက်နောက်တစ်နည်းကို သုံးရမယ်၊ ကဲ ... တို့တွေ ရွာထဲပြန်ကြမယ်"

လို့ပြောပြီး လှည့်ပြန်ခဲ့တယ်။ ရွာထဲရောက်တော့ မုဆိုးကြီးဟာ ဆိတ်မွေးတဲ့ကုလားအိမ်ဘက် သွားပြီး ဆိတ်ကလေးတစ်ကောင်ကို ဝယ်ယူတယ်။ ပြီးတော့ ၎င်းရဲ့တဲထဲဝင်ပြီး အသင့်ပြင်ထားတဲ့ ထောင်ချောက်လှောင်အိမ်တစ်ခုကို ယူတယ်၊ တပည့်ကျော်နှစ်ယောက်ဟာ ဆရာဖြစ်သူရဲ့လုပ်ရပ်ကို မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ထို့နောက်မှာတော့ သုံးဦးသား တောစပ်ကို ပြန်ထွက်ခဲ့ကြတယ်။

လမ်းမှာ မုဆိုးကြီးက ...

"အခု အသုံးပြုမယ့် ကျားထောင်နည်းက ဆိတ်အရှင်နဲ့ မျှားပြီး ကျားကို အရှင်ဖမ်းနည်းပဲကွ၊ ဒီမှာတွေ့လား ... ထောင်ချောက်မှာ တံခါးပေါက်ပါပြီး အလယ်က ဝါးပိုးဝါးကြီးနဲ့ကန့်ထားတယ်၊ ဆိတ်ကလေးကို ဝါးပိုးဝါးရဲ့ အနောက်မှာထားမယ်၊ ဆိတ်ကလေးရဲ့အော်မြည်သံကြားရင် ကျားဆိုးက ရှေ့ဘက်တံခါးက ဝင်လာလိမ့်မယ်၊ ထောင်ချောက်ရဲ့အောက်ခြေမှာ ခလုတ်ရှိတယ်ကွ၊ ရှေ့တံခါးပွင့်တာနဲ့ ဆိတ်ကလေးရှိတဲ့နောက်တံခါးပေါက်က အလိုလိုပွင့်သွားလိမ့်မယ်၊ ဒီအခါမှာ ကျားဆိုးဟာ ထောင်ချောက်မှာပိတ်မိနေပြီး ဆိတ်ကလေးကတော့ နောက်ဖက်တံခါးပေါက်ကနေ ထွက်ပြေးလိမ့်မယ်ကွ"

လို့ ရှင်းပြတယ်။ သွေးစွပ်ကြောင်းပျောက်သွားတဲ့ ပျဉ်းမပင်အောက်ရောက်တော့ မုဆိုးကြီးက ထောင်ချောက်ကိုပြင်ဆင်နေတယ်။ ဆိတ်ကလေးကို ထောင်ချောက်ရဲ့နောက်ပေါက်ထဲ ထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား ပြန်ထွက်ခဲ့ကြတယ်။

တောစပ်နဲ့ ရွာရဲ့အကြား ရွာပျက်ကြီးနေရာရောက်တော့ 'ဝေါင်း' ခနဲ ဟိန်းထွက်လာတဲ့ ကျားဟိန်းသံနဲ့အတူ သံပုံးတီးသံ၊ တုံးခေါက်သံနဲ့ အော်ဟစ်သံတွေကို သွေးပျက်မတတ် ကြားလိုက်ရတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

## ရွာကို ကျားဆိုး ဝင်ဆွဲပြီလား ...

ဦးဝိဇကာ

ပြီနေခဲ့တဲ့ကိုးဆယ်တာပ ရွာခင်ဝင်လင်းခဲ့ရှူး လာခရေမှုလာရှူ

နုရွာခ ကိုးကြိုငိုရေးငယ်ရွေ့ ငိုးထေးဒိုင်ကွင်းဝီမိုးနိုက်ကနေ့ကောင်ဘုံးဝေ

။ဝိပဝ

ဝိဝင်ဆုရွေ့ ရွားကြွေချင်းနိုင်လိုးရက ... လာခင်းသေးနိုထေးရှဲ

"ရွှေရွှေ့ရွာခမပုလေး ဖဲလဲဝိသပြီ

www.burmeseclassic.com

www.burmeseclassic.com

## တောဝင်ပြီ

ရွာထဲမှာတော့ ဆူညံအော်ဟစ်သံတွေ ပွက်လောရိုက်နေပြီ

မားလုံလက်နက်ကိုယ်စီဆွဲကိုင်ထားတဲ့ ရွာသားအုပ်ကြီးကို တွေ့ရ

တယ်။

"ထူးဆန်းတယ်မောင် ... ကျားဟိန်းသံကြားလို့ ရွာထဲဝင်

ပြီထင်တာ ဘာမှမတွေ့ရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အသံက ရွာထဲကထွက်လာတာ သေချာတယ်၊ မီးတုတ် တွေမြင်ပြီး လူသံတွေကြားလို့ ပြေးပြီထင်တယ်"

"ဟာ မင်းကလည်း ... ဒါ သာမန်ကျားမဟုတ်ဘူး ... သမန်းကျားကွ သမန်းကျား၊ သူ့မှာ မှော်အစွမ်းရှိတယ်ကွ၊ ကိုယ် ဖျောက်သွားတာ ဖြစ်မယ်"

"ရွာထဲထိဝင်လာပြီဆိုတော့ မကြာခင် လူတွေဆွဲတော့မယ်၊ ဖြစ်ဘူး မဖြစ်ဘူး ... ရွာပြောင်းမှ ဖြစ်တော့မယ်"

"ကျုပ်အိမ်မှာက ကလေးတွေ အများကြီးရယ်၊ ကျားဆွဲခံရ ကိုယ်ကျိုးနည်းပဲ၊ နတ်ကျားကြီးကို ပွဲနဲ့တောင်းပန် ပွဲပေးမှ ဖြစ် မယ်တော့"

တစ်ယောက်တစ်ပေါက် ပြောသံများကြောင့် မုဆိုးပန်းအောင် ကြီးအကျယ် စိတ်ပျက်သွားတယ်။ မုဆိုးကြီးကိုမြင်တော့ ရွာသား ချို့က ...

"မုဆိုးကြီးရယ် ... ကျုပ်တို့ကို သနားပါဦးဗျာ၊ ဒီရွာတစ် ကြောမှာ မုဆိုးကြီးဟာ လက်ရုံးရည်အကောင်းဆုံးပါပဲ၊ နတ်ကျား ကြီးကိုဖမ်းဆီးပြီး ကျုပ်တို့ရဲ့ဒုက္ခကို ကယ်တင်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ တောင်းပန်တိုးလျှိုးကြတယ်။

"ကျုပ် အစွမ်းကုန် ကြိုးစားနေပါတယ်၊ တောစပ်မှာလည်း ထောင်ချောက်တွေလုပ်ထားတယ်၊ ခက်တာက ... ဒီကျားဆိုးကို ရင်ဆိုင်ဖို့က ကျုပ်တစ်ယောက်တည်းအစွမ်းနဲ့ မရဘူး၊ ရွာသားတွေရဲ့ အကူအညီ လိုအပ်တယ်၊ ဒီလိုလုပ်ပါ ... ခင်ဗျားတို့ ယောကျ်ား ရင့်မာကြီးဆယ်ယောက်လောက် လူစုပြီး ကျုပ်အိမ်လာခဲ့၊ ခင်ဗျားတို့ ဘက်က လုပ်ပေးရမယ့်ပုံစံကို ကျုပ်ပြောပြမယ်"

မုဆိုးပန်းအောင်ရဲ့စကားကြောင့် ရွာသားများ ဝမ်းသာသွားပြီး ...

"ဟုတ်ကဲ့ပါ ... မုဆိုးကြီးပြောတဲ့အတိုင်း လူစုလာပါ့မယ်၊ အခုက ... နတ်ကျားအန္တရာယ်က ကင်းဖို့ပဲ၊ နို့မို့ဆို တစ်ရွာလုံး အလုပ်အကိုင်ပျက်ပြီး စားရမဲ့ ဖြစ်နေပြီ"

လို့ပြောရင်း ထွက်သွားတယ်။ မုဆိုးပန်းအောင်တို့လည်း သူ တို့တဲလေးဆီ ပြန်ခဲ့ကြတယ်။ မုဆိုးပန်းအောင်က တေကြီးနဲ့ ဘိုးအုပ် ကို လုံ့ရှည်တစ်ချောင်းစီ ပေးလိုက်တယ်။

"ကျုပ်တို့က လုံ့ရှည်ကိုင်ပြီး ဆရာကြီးကဲ့ရော ဘာလက်နက်

www.burmeseclassic.com

www.burmeseclassic.com



ကိုင်မှာလဲ''

တေကြီးရဲ့အမေးကို မုဆိုးကြီးက ဆေးပြင်းလိပ်ဖွာမပျက်ဘဲ

''ငါ့အတွက် လုံ့မလိုဘူး ... စကြာလက်နက်ဆို လုံလောက်ပြီ''

လို့ အေးဆေးတဲ့အမူအရာနဲ့ပြောတဲ့အခါ တပည့်နှစ်ယောက်ဟာ မျက်လုံးပြူးသွားပြီး ...

''ဟာ ... ဆရာကြီးကလည်း ဒီလောက်လျင်မြန်ဖျတ်လတ်တဲ့ကျားကို စကြာတစ်ခုတည်းနဲ့ ရပ့်မလား၊ အန္တရာယ်ကြီးပါတယ် ဆရာကြီးရယ်''

လို့ စိုးရိမ်တကြီးပြောလိုက်တယ်။ ဒီအချိန်မှာပဲ ရွာသားတွေ အုပ်စုလိုက်ရောက်လာကြတယ်။ သူတို့အားလုံးရဲ့လက်မှာ တုတ်၊ ဓားတွေ ကိုယ်စီကိုင်ထားကြတယ်။

မုဆိုးကြီးက ထရံမှာညှပ်ထားတဲ့ စကြာလက်နက်ကို ဆွဲယူပြီး တဲရှေ့ထွက်ခဲ့တယ်။

''ရွာသားတွေကို လူစုခိုင်းတဲ့ကိစ္စက ကျုပ်နဲ့တပည့်နှစ်ယောက် ညတွင်းချင်း ကျားဆိုးကို မြေလှန်ရှာကြမယ်၊ ခင်ဗျားတို့က

www.burmeseclassic.com

www.burmeseclassic.com



တောစပ်မှာချုံခိုပြီး ကျုပ်ရဲ့အသံကို နားစွင့်ရမယ်၊ ကျုပ်က ခင်ဗျား တို့ကို တောခွေးလိုအူပြီး အချက်ပြမယ်၊ တောစပ်မှာနေရလို့ ဘာမှ မစိုးရိမ်ကြပါနဲ့၊ ခင်ဗျားတို့ဆီက တစ်ခုခုအသံကြားရင် ကျုပ်တပည့် တစ်ယောက်ကို ချက်ချင်းလွှတ်လိုက်မယ်၊ ကဲ ... အားလုံး အဆင် သင့်ဖြစ်ရင် သွားကြစို့"

မုဆိုးကြီးရဲ့စကားဆုံးတော့ လူအားလုံး တောစပ်ကို ခြေဦး တည်လိုက်တယ်။ တပည့်ကျော်တေကြီးကတော့ ကြောက်တတ်သူပီပီ ကျားဆိုးနဲ့ရင်ဆိုင်ရမယ့်အရေး တွေးပြီး မျက်နှာပျက်နေရှာတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၀ )

## ရှာသားတွေ ဘာဖြစ်ကြမလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## အဖြူရိပ်

"ခင်ဗျားတို့ ချုံပုတ်ထဲဝပ်ပြီး စောင့်နေကြ၊ ကျုပ်တို့ တောတိုးပြီ"

မုဆိုးကြီးက ရွာသားတွေကို ရွာပျက်ကြီးနေရာရှိ ချုံပုတ်များနောက်မှာ နေရာချပေးတယ်။ ဗလကောင်းတဲ့ ရွာသားကြီးတစ်ယောက်က မုဆိုးပန်းအောင်ကို ...

www.burmeseclassic.com

www.burmeseclassic.com



"မှဆိုးကြီး ... ကျုပ်တို့ နေရာပြောင်းလို့ မရဘူးလား။ ဒီနေရာက တစ်ရွာလုံး အတုံးအရုံးသေခဲ့တဲ့ သင်္ချိုင်းကုန်းကြီးမျှ ကျုပ်ကြောက်တယ်"

... လို့ လှမ်းပြောတဲ့အခါ ...

"ဖလကြီးရယ် ... လူကြည့်တော့ ကျားကိုးစီး စားမကုန်နိုင်တဲ့ကိုယ်လုံးနဲ့၊ ဒီအချိန်မှာကြောက်တာကို ဘေးဖယ်ထား ... ဒီညငါတို့ ကျားဆိုးကို လက်ဦးမှုဖြစ်မယ်၊ နောက်နေ့ဆို ရွာသားထဲက တစ်ယောက် ကျားစာမိမယ်ဟေ့"

မှဆိုးကြီးက ဖလကြီးကိုပြောပြီး တောစပ်ကို ခပ်သုတ်သုတ် ထွက်ခဲ့တယ်။

တောစပ်အဝင်မှာတော့ တစာစာအော်မြည်ပြီး ထွက်ပြေးလာတဲ့ ဆိတ်ကလေးတစ်ကောင်ကို တွေ့လိုက်ရတယ်။

ဘိုးအုပ်က လျင်မြန်စွာပင် ဆိတ်ကလေးကို ခုန်ဖမ်းလိုက်တယ်။

"ဟာ ဆရာကြီး ... ဒါ ကျုပ်တို့ ထောင်ချောက်ဆင်ထားတဲ့အကောင်ပဲ၊ ထောင်ချောက်ထဲ ကျားတိုးပြီထင်တယ်ဗျို့"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအုပ်က ဆိတ်ကလေးကိုပြန်လွှတ်ပေးရင်း ဝမ်းသာအားရ ပြောလိုက်တယ်။ မုဆိုးပန်းအောင်ကိုယ်တိုင် စိတ်လှုပ်ရှားသွားပြီး ထောင်ချောက်ရှိရာ ခြေလှမ်းကျဲကြီးနဲ့ လျှောက်သွားတယ်။ ထောင်ချောက်ဆီရောက်တော့ မုဆိုးကြီးက မျက်နှာပျက်သွားပြီး ... .

"ဟာကွာ ... အရေးထဲမှာ ဒီမျောက်စုတ်က လာရှုပ်တယ်၊ ကျားထောင်ပါတယ်ဆိုမှ မျောက်လာမိနေတယ် ... တောက်"

လို့ မကျေမနပ် ရေရွတ်လိုက်တယ်။ မုဆိုးကြီးရဲ့ 'ကျားထောင်ပါတယ်ဆိုမှ မျောက်လာမိနေတယ်' ဆိုတဲ့စကားကြောင့် တပည့်ကျော်နှစ်ယောက်ဟာ တစ်ဦးမျက်နှာတစ်ဦးကြည့်ရင်း ပြုံးစိစိ ဖြစ်သွားကြတယ်။

ဒင်းတို့ကိုယ်တိုင် 'ငါးထောင် ယုန်မိ' အဖြစ်ကို ကြုံခဲ့ပြီးပြီ မဟုတ်ပါလား။ မုဆိုးကြီးတို့ ထောင်ချောက်ဆီရောက်နေချိန် ချုံနီ စောင့်ဆိုင်းနေတဲ့ ရွာသားတစ်စုမှာတော့ ...

'အူး ..အူး ..အူး ..'

ရွာပျက်ကြီးတစ်နေရာမှာ ဘယ်ကရောက်လာမှန်းမသိတဲ့ တောခွေးအုပ်ကြီး ...။ ရွာသားတစ်စုဟာ ချုံနောက်မှာ ပုန်းခိုရင်း ခွေး

www.burmeseclassic.com

www.burmeseclassic.com



အုပ်ကြီးကြောင့် ...

"ဟာ ... ခွေးတွေ ဘယ်ကရောက်လာပါလိမ့်၊ ခုချိန်မျိုး တောခွေးအကိုက်ခံရလို့ကတော့ အရိုးတခြား၊ အသားတခြား ဖြစ်လိမ့်မယ်၊ အသံမထွက်ကြနဲ့"

လို့ တစ်ယောက်က လေသံတိုးတိုးနဲ့ သတိပေးလိုက်တယ်။

သူတို့အားလုံး ကြောက်စိတ်ကြောင့် တောခွေးအုပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေတယ်။ ဒီအချိန်မှာပဲ တောခွေးအုပ်ကြီးဟာ ရုတ်တရက်ပျောက်ကွယ်သွားတယ်။

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ရှာသားတွေဟာ ခေါင်းမွေးထောင်မတတ် ကြောက်ရွံ့သွားကြပြီး ...

"ငါ ... ငါတို့ အခြောက်ခံရပြီထင်တယ်၊ တောခွေးအုပ်ကြီး မရှိတော့ဘူး"

လို့ တစ်ယောက်က ရေရွတ်လိုက်တယ်။

"ဟာ ဟော့ကောင် ... ဟိုမှာကြည့်စမ်း"

ရှာသားတစ်ယောက်ရဲ့ ညွှန်ပြမှုကြောင့် အားလုံးရဲ့အကြည့်က ရှာပျက်ကြီးရဲ့တစ်နေရာကို ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



မှောင်ကြီးမည်းမည်းထဲ အဖြူရောင်သဏ္ဍာန်တစ်ခု သူတို့အနီးကို တရွေ့ရွေ့ ချဉ်းကပ်လာသလို ခံစားလိုက်ရတယ်။

ဗလကြီးတစ်ယောက် ထိုအရာကိုကြည့်ရင်း ကြောက်ဒူးတဆတ်ဆတ်တုန်လာတယ်။

ကျန်လူတွေလည်း မျက်နှာအကြီးအကျယ်ပျက်ပြီး ကြက်သီးထနေကြပြီ။ အဖြူရောင်အရိပ်ကြီးက လေထဲလွင့်မျံနေသလိုလို ...။

"ငါ့ ... ငါ့အနား ရောက်တော့မယ်၊ လုပ်ကြပါဦး ... ဘုရား ဘုရား"

အားလုံးရဲ့အစွန်မှာ ဆောင့်ကြောင့်ထိုင်နေတဲ့ ဗလကြီးရဲ့အသံကြောင့် ...

"မရောက်ပါဘူးကွာ ... အဝေးကြီးမှာပါ၊ မင်းကလည်း ကြောက်တတ်လိုက်တာ လွန်ရော"

ရှာသားတစ်ယောက်ရဲ့စကားကို ဗလကြီးမှာ ဂရုမပြုအား ... သူ့စိတ်ထဲမှာတော့ အဖြူရောင်အရိပ်မ သူနဲ့ တစ်တောင်လောက်ပဲ ကွာတော့တယ်။

ကြောက်စိတ်လွန်ကဲနေတဲ့ ဗလကြီးတစ်ယောက် ...

www.burmeseclassic.com

www.burmeseclassic.com



"အား ... သရဲ သရဲကြီး ... ကယ်ကြပါဦးဗျို့ ... အား

... အား ..."

လို့ ငယ်သံပါအောင် အော်ဟစ်ပြီး ထပြေးတော့တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၁ )

## ဇလကြီး အခြောက်ခံရတာ တကယ်လား ...

www.burmeseclassic.com

www.burmeseclassic.com

တျားဖမ်းပွဲ

ဗလကြီးရဲ့အော်သံကြောင့် မုဆိုးကြီးဟာ ရွာသားတွေအတွက် စိတ်ပူသွားမိပြီး ...

"ဟော့ကောင် တောကြီး ... သွားကြည့်စမ်း၊ အကြောင်းထူးရင် ငါ့ပြန်ပြော"

လို့ တောကြီးကို စေခိုင်းလိုက်တယ်။ တောကြီးထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါ မုဆိုးကြီးနဲ့ဘိုးအုပ်ဟာ တောနက်ထဲ တဖြည်းဖြည်း တိုးဝင်လာခဲ့ကြတယ်။

ပျဉ်းမပင်တွေဝိုင်းအုံနေတဲ့ ရွက်ကြွေတောတစ်နေရာ အရောက် …

"ရှူး … ခြေကိုဖော့နင်းစမ်း ဘိုးအုပ်၊ ငါ့နှာခေါင်းထဲမှာ အပုပ်နံ့ဆိုးကြီး ရနေတယ် … ရှေ့မဆက်နဲ့"

မုဆိုးကြီးရဲ့ ဟန့်တားမှုကြောင့် ဘိုးအုပ် ခြေလှမ်းတွန့်သွားရတယ်။ ပြူးကြောင်ကြောင်မျက်လုံးအစုံနဲ့ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရင်း …

"ကျုပ် … သစ်ရွက်လှုပ်သံကြားနေရတယ် ဆရာကြီး … သတိထား"

လို့ လေသံတိုးတိုးနဲ့ သူ့ရှေ့မှာရှိတဲ့ မုဆိုးကြီးကို လှမ်းပြောတယ်။ အမှောင်မှာကျင့်သားရနေတဲ့ မုဆိုးကြီးရဲ့ မျက်လုံးအစုံက သားကောင်ကို သတိကြီးစွာထားပြီး ရှာဖွေနေပြီ။

'ဖျပ် … ဖျပ် … ဖျပ် …'

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် မုဆိုးပန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



စကြာလက်နက်ကိုအ သင့်ပြင်လိုက်တယ်။ စကြာလက်နက်ဆိုတာက ရှားနှစ်သားနဲ့ ပြုလုပ်ထားတဲ့ အသွားချွန်ထက်တဲ့ တုတ်တိုတစ်ချောင်း။

ဖြန့်လိုက်ရင်တော့ အနားလေးဖက်နဲ့ စကြာပုံသဏ္ဍာန် ဖြစ်သွားတယ်။ အနားလေးဖက်စလုံး အသွားချွန်အောင် ပြုလုပ်ထားတာ။

မုဆိုးပန်းအောင်က တပည့်ဖြစ်သူကိုလှမ်းဆွဲလိုက်ရင်း ...

"ဟိုချုံအနောက်မှာ ဒင်းရှိနေတယ်၊ ဒါဟာ တို့ကို ခုန်အုပ်ဖို့ ချောင်းနေတာပဲ၊ အခြေအနေကြည့်ပြီး လှုပ်ရှားကြမယ်"

လို့ လေသံနဲ့သတိပေးလိုက်တယ်။ ဘိုးအုပ်တစ်ယောက် ကျားကြီး အနားမှာရှိနေတယ်ဆိုတဲ့အသိကြောင့် ခေါင်းနားပန်းကြီးမိတာ အမှန်။

လှုပ်ရှားနေတဲ့စိတ်ကို စုစည်းပြီး လုံ့ရှည်ကို ကျစ်နေအောင် ဆုပ်ကိုင်လိုက်မိတယ်။ တကယ်လည်း ကျားကြီးက ချုံပုတ်အောင်းပြီး မုဆိုးကြီးတို့ကို အလစ်စောင့်နေပြီ။ ဘိုးအုပ်က ...

"ဒင်း ထွက်လာအောင်မစောင့်ဘဲ ဝင်တိုက်ရင် မကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးလိုက်တဲ့အခါ မှဆိုးကြီးက ခေါင်းခါပြီး ...

"ဒင်းက ကျားပါး၀တဲ့အကောင်ကြီးကွ၊ တို့ ချုံထဲဝင်တိုက်ရင် အကြီးအကျယ်မှားလိမ့်မယ်၊ ဒင်းက တို့ အနားကပ်တဲ့အချိန်ကို စောင့်နေတာကွ၊ ကဲ ဒီလိုလုပ် ... မင်း ခြေသံကို ပြင်းပြင်းနင်းပြီး ဒီနေရာက လှည့်ထွက်ဖို့ပြင်လိုက်၊ ငါ့အတွက် မစိုးရိမ်နဲ့ ... သွားတော့"

လို့ ကျားအောင်းရာချုံကို မျက်ခြည်မပြတ်ကြည့်ရင်း ပြောလိုက်တယ်။

ဘိုးအုပ်က ဆရာဖြစ်သူကို စိတ်မချစွာကြည့်ရင်း နောက်လှည့်လိုက်တယ်။ ဘိုးအုပ်ရဲ့လှုပ်ရှားမှုကြောင့် ချုံပုတ်ထဲအောင်းနေတဲ့ကျားဆိုးဟာ ခေါင်းထောင်သွားပြီး 'ဝေါင်း' ခနဲ အသံပြုတယ်။

ပြီးတော့ ချုံပုတ်ထဲက 'လွှား'ခနဲ ခုန်ထွက်ပြီး ဘိုးအုပ်ကို ခုန်အုပ်လိုက်တယ်။ ကျားဆိုးရဲ့ကိုယ်လုံးက ဘိုးအုပ်ပေါ် ရောက်မသွား။

မုဆိုးပန်းအောင်က လျှင်မြန်စွာပင် စကြာလက်နက်ကို ကျားပါးစပ်ထဲ ပစ်သွင်းလိုက်တယ်။ ဗူးရူးဝါးဝါးအော်ဟစ်သံနဲ့အတူ ကျားကြီးမှာ မြေပေါ် နောက်ပြန်လဲကျသွားတယ်။

ဘိုးအုပ်က ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ကျားရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်ဆီ လုံ့ရှည်ကို အားကုန်ထိုးဆိုက်လိုက်တယ်။

ကျားကြီးမှာ အော်ဟစ်ညည်းတွားရင်း ငြိမ်ကျသွားရှာပြီ။ ထိုအခိုက်မှာပင် ‘ဟေး ...’ ခနဲ အော်ဟစ်သံကြောင့် မှဆိုးကြီးတို့ နောက်ကိုလှည့်ကြည့်လိုက်မိတယ်။

ဝမ်းသာအားရမျက်နှာတွေနဲ့ ရွာသားအုပ်ကြီး ...။

“အမယ်လေးဗျာ ... ဘိုးအုပ်ကို ကျားခုန်အုပ်တော့ ကျုပ်တို့က သွားပြီထင်နေတာ၊ ဘိုးအုပ်ဆီ ကျားမရောက်ခင်ဘဲ မုဆိုးကြီးရဲ့ ကြောလက်နက်က ကျားပါးစပ်ထဲ ဝင်သွားတယ်၊ မုဆိုးကြီး သိပ်လျင်တယ်ဗျာ၊ ကျုပ်တို့သာ ဒီနေရာမှာဆို ကြောက်ပြီး ဘာမှလုပ်မိမှာ မဟုတ်ဘူး၊ မုဆိုးကြီးရဲ့သတ္တိက ညြချလောက်ပါရဲ့”

ရွာသားတစ်ယောက်က ချီးမွမ်းစကားဆိုရင်း အသင့်ယူလာတဲ့ မီးတုတ်ကို မီးညှိလိုက်တယ်။

“ဟာ ... ကိုးတောင်ပြည့် သမန်းကျားကြီးပဲဟေ့၊ နည်းတဲ့ အကောင်ကြီးမဟုတ်ဘူး”

ရွာသားတွေရဲ့အသံကြောင့် မုဆိုးကြီး မျက်နှာရှုံ့မဲ့သွားပြီး

“ခင်ဗျားတို့ ရှူးနေသလား၊ အကောင်လိုက်မြင်တာတောင်

www.burmeseclassic.com

www.burmeseclassic.com



သမန်းကျား လုပ်နေသေးတယ် ... တယ်ခက်တဲ့လူတွေပဲ"

လို့ ရေရွှတ်ရင်း ထိုနေရာက ထွက်ဖို့ပြင်လိုက်တယ်။ ရွာသား တွေဟာ ကျားသေကို ဝါးပိုးဝါးနှစ်ချောင်းနဲ့လျှိုပြီး သယ်ခဲ့ကြတော့ တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၂ )

## ကန်ရိုးရွာမှာ ဘာဆက်ဖြစ်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## လူတစ်ယောက် ရောက်လာခြင်း

မုဆိုးပန်းအောင် ကျားဆိုးကိုနှိမ်နင်းလိုက်ပြီဆိုတဲ့သတင်းက ကန်ရိုးရွာသာမက ရွာနီးချုပ်စပ်ထိတိုင် ပျံ့နှံ့သွားတယ်။

ဒါကြောင့် ကန်ရိုးရွာလေးမှာ ကိုးတောင်ပြည့်ကျားသေကို လာရောက်ကြည့်ရှုသူတွေနဲ့ စည်ကားနေတယ်။

တချို့သော လူများက ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီကျားဟာ နတ်ကျားလို့ သတင်းကြီးနေတယ်၊ သူ့ကို ကန့်ရိုးရွာက ဖမ်းဆီးသတ်ဖြတ်လိုက်တယ်ဆိုတော့ ကန့်ရိုးရွာကို ကြမ္မာဆိုးကျရောက်နိုင်တယ်"

လို့ ထင်ကြေးပေးကြသလို ...

"နတ်ကျားဆို အသေမိမလားဗျ ... ဒါဟာ ရိုးရိုးကျားပဲ၊ ဆိုးကျော်ပန်းအောင်ရဲ့အစွမ်းက ကြီးပ၊ သူဟာ မုဆိုးကျော်ကြီးဖြစ်ဖို့ နိမိတ်ဖတ် မွေးဖွားလာသူပဲ"

လို့ ချီးမွမ်းကြသလို ...

"နတ်ကျားပဲဖြစ်ဖြစ်၊ ရိုးရိုးကျားပဲဖြစ်ဖြစ် ကျားဆိုးကြီး မရှိတော့ဘူးဆိုတော့ တို့တွေ တောဝင်လို့ရပြီပေါ့၊ မုဆိုးကြီးပန်းအောင်ရဲ့ ကျေးဇူးပါပဲ"

လို့ တစ်ယောက်တစ်မျိုး ပြောကုန်တယ်။ ကန့်ရိုးရွာသူကြီး မြဒင်တစ်ယောက် မုဆိုးကြီးကိုချီးမွမ်းသံတွေကြားရတဲ့အခါ

"ပန်းအောင်စွမ်းလို့ မဟုတ်ဘူးပေါ့ ... ငါ သူ့ဖင်ကို မီးထိုးပေးလို့ ကျားဖမ်းတာ၊ ဒင်းဖင်လေးပုံနဲ့ဆို ခုချိန်ထိ ဖမ်းမှာမဟုတ်ဘူး။ ငါ့ကြောင့် ကျားကိုဖမ်းနိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ မရှုစိမ့်စွာပြောပြီး ထွက်သွားတယ်။

မုဆိုးကြီးကတော့ ထိုအဖြစ်ကိုမသိရှိဘဲ ရင်းရဲ့တဲလေးထဲမှာ အေးချမ်းစွာ လှဲလျောင်းနေတယ်။

ဒီအချိန်မှာပဲ ဖျင်စခေါင်းပေါင်းနဲ့ လူကြီးတစ်ယောက် တဲရှေ့ ရောက်လာပြီး ...

"မုဆိုးကျော်ပန်းအောင် ရှိပါသလား"

လို့ လှမ်းအသံပြုတယ်။

"ဘယ်သူလဲ ... ဝင်ခဲ့ဗျာ၊ ကျုပ်ရှိတယ်"

မုဆိုးကြီးရဲ့အသံကြောင့် လူကြီးဟာ တဲပေါ်တက်လာတယ်။

"ကဲ ... ဆိုဗျာ ... ဘာကိစ္စများဂဲ"

မုဆိုးကြီးရဲ့အမေးကို လူကြီးက ခေါင်းပေါင်းစဖြုတ်ပြီး ချွေး သုတ်ရင်းက ...

"ကျုပ်က ဟိုး ...မင်းရဲချောင်းနံဘေးရွာက မိကျောင်း မုဆိုးတစ်ယောက်ပါ၊ ကျုပ်နာမည် ဦးသက္ကပါ၊ လာရင်းကိစ္စက ကျုပ် တို့ မင်းရဲချောင်းမှာ မိကျောင်းရဲတစ်ကောင် သပ်ကိုသောင်းကျန်းနေ တယ် ...အဲဒါ မုဆိုးကျော်ကြီးကို အကူအညီတောင်းချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လူကြီးရဲ့စကားကြောင့် မုဆိုးပန်းအောင်ဟာ မျက်မှောင် ကြုတ်သွားပြီး ...

"ဟား ဟား ... ခင်ဗျား အတော်နောက်တဲ့လူကြီးပဲ၊ ကျောင်းဖမ်းရမှာ ခင်ဗျားအလုပ်ပဲ၊ ကျုပ်က ရေမုဆိုး မဟုတ်ဘူးဗျ၊ ားရဲ့တိရစ္ဆာန်တွေနှိမ်နင်းတဲ့ တောမုဆိုး"

လို့ ပြောလိုက်တဲ့အခါ လူကြီးဟာ မျက်နှာပျက်သွားပြီး ...

"ဟုတ်ပါတယ် ... မုဆိုးကြီးပြောတာ မှန်ပါတယ်၊ ရှက် တ်နဲ့ပဲ ဝန်ခံပါရစေဗျာ ... မင်းရဲချောင်းမှာ သောင်းကျန်းတဲ့ ကျောင်းကို ကျုပ်ဟာ ရေမုဆိုးတို့တပ်အပ်တဲ့ ပညာကုန်သုံးပြီး ဆီးဖို့ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ အထမမြောက်ခဲ့ပါဘူး။ လူတွေက ညီး မိကျောင်းရဲကို နတ်မိကျောင်းလို့ ထင်နေကြတယ်ဗျာ၊ တစ်မြန် ကိုးတောင်ပြည့်ကျားကြီးကို စကြာလက်နက်တစ်ခုတည်းနဲ့ ရဖမ်းဆီးနိုင်တဲ့ မုဆိုးကြီးရဲ့သတင်း ကျုပ်ကြားခဲ့တယ်၊ ပြီးတော့ ဆိုးကြီးဟာ သတ္တိအင်မတန်ကောင်းပြီး ဉာဏ်ရည်ဉာဏ်သွေး သက်တယ်လို့ ကျုပ်သိထားတယ်၊ ဒါကြောင့် မိကျောင်းရဲကို အညီတောင်းဖို့ ရောက်လာရတာပါ၊ ကျုပ်ကိုကူညီပါ မုဆိုးကြီး

www.burmeseclassic.com



ရယ်၊ ဒါဟာ ကျုပ်တစ်ဦးအတွက် မဟုတ်ပါဘူး ... ရွာသား

အားလုံးရဲ့ အရေးအတွက်ပါ၊ ကျုပ်တို့ရွာက ရေလုပ်ငန်းကိုအမှီပြု

ဝမ်းစာရှာဖွေသူတွေပါ၊ ခုဆို မိကျောင်းရဲ့ကြောင့် တစ်ရွာလုံး ထ

ငတ်မလို ဖြစ်နေပြီ''

လို့ ပြောပြတယ်။ ဒီစကားကြောင့် သူ့တစ်ပါးကို ကူညီ

စိတ်ရှိတဲ့ မုဆိုးပန်းအောင်ရဲ့မျက်လုံးတွေ အရောင်ပြောင်းသွား

''ကျုပ်ဟာ တောပျော်မုဆိုးတစ်ယောက်ဖြစ်ပေမယ့် ရေ

မိကျောင်းတွေရဲ့အကြောင်းကို အနည်းအကျဉ်းတော့ သိထားပါတ

ကျုပ်တတ်နိုင်သလောက် လိုက်ပြီး ကူညီပေးပါ့မယ်''

လို့ပြောလိုက်တဲ့အခါ လူကြီးဟာ ဝမ်းသာအားရဖြစ်သွ

တယ်။

''သိပ်ကို ကျေးဇူးတင်ပါတယ် မုဆိုးကြီးရယ်၊ မိကျော

ကိုဖမ်းမိရင် ကျေးဇူးဆပ်တဲ့အနေနဲ့ မိကျောင်းသားရေကို မုဆိုး

အတွက် ပေးပါ့မယ်''

မုဆိုးကြီးက လှဲနေရာက ထရပ်လိုက်ရင်း ...

''ကျုပ်ဟာ အကျိုးလိုလို့ ညောင်ရေသွန်းတဲ့လူစားမျိုး မဟု

www.burmeseclassic.com

www.burmeseclassic.com



... ကျုပ်ကို ဘာမှမပေးနဲ့ ... ကျုပ်ကြောင့် မိကျောင်းရဲကိုမိရင် ...လွှနပ်ပြီ"

လို့ ပြတ်သားစွာပြောလိုက်တယ်။ လူကြီးကတော့ တန်ဖိုးရှိ ...တဲ့ မိကျောင်းသားရေကို လက်မခံတဲ့မုဆိုးကြီးကို ငေးကြည့်ရင်း ...အံ့တသြဖြစ်နေရှာတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၃ )

**တောမုဆိုးက မိကျောင်းကို ဖမ်းနိုင်ပါ့မလား ...**

www.burmeseclassic.com

www.burmeseclassic.com

## မင်းရဲချောင်းသို့

"တေကြီးနဲ့ဘိုးအုပ် . . . တို့ ခရီးထွက်ရမယ် . . . အမြန်ပြင်ကြတော့"

အပြင်ကပြန်လာတဲ့ တပည့်ကျော်နှစ်ယောက် မုဆိုးကြီးရဲ့ စကားကြောင့် ကြောင်အမ်းသွားကြတယ်။

"ဆိုင်းမဆင့် ဗုံမဆင့်ပါလား ဆရာကြီး . . . ဘယ်သွားရ

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ''

ဘိုးအုပ်ရဲ့အမေးကို မုဆိုးကြီးက နံဘေးမှာထိုင်နေတဲ့ လူကြီးအားညွှန်ပြပြီး ...

''ဟောဒီက ဦးသက္ကနဲ့ မင်းရဲချောင်းကိုလိုက်သွားရမယ်ကွ ... မိကျောင်းဖမ်းဖို့''

လို့ပြောလိုက်တဲ့အခါ တပည့်နှစ်ဦးမှာ 'ဗျာ ...' ခနဲ ဖြစ်သွားပြီး ...

''ဗျာ ... မင်းရဲချောင်း, ... ဟုတ်လား။ ခုနက ရွာထဲမှာ ကြားခဲ့တယ် ...ကန်ရိုးရွာက ကျားဆိုးကြီးဖမ်းနိုင်ပေမယ့် မင်းရဲချောင်းက မိကျောင်းကြီးကိုတော့ ဘယ်သူမှမနိုင်သေးဘူးတဲ့၊ အဲဒီ မိကျောင်းကို နတ်မိကျောင်းတဲ့၊ တချို့ရေမှုဆိုးတွေ နတ်မိကျောင်းကြောင့် သေရတယ်ဆိုပဲ၊ ကျုပ်တို့က တောပဲကျွမ်းကျင်တာ ... မိကျောင်းဖမ်းဖို့ ဖြစ်ပါ့မလား ဆရာကြီး''

လို့ ဘိုးအုပ်က တွေးဆရင်းပြောလိုက်တယ်။

''ဖြစ်တာ,မဖြစ်တာ ငါ့အလုပ်၊ မင်းတို့အလုပ်က ငါ့နောက်လိုက်ဖို့ပဲ၊ ယူစရာရှိတာ အမြန်ယူ ... လျှာမရှည်နဲ့''

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးရဲ့ မာန်မဲမှုကြောင့် ဝေကြီးတို့ ဘာမှမပြောဝံ့တော့ဘူး။ ယူစရာရှိတာတွေယူပြီး မုဆိုးကြီးတို့နောက် လိုက်ခဲ့ကြတယ်။ ရွာအထွက်မှာတော့ ဗလကြီးဆိုတဲ့ ရွာသားနဲ့တိုးပြီး …

"ဗျို့ မုဆိုးကြီးတို့ … ဘယ်သွားမလို့လဲဗျ"

လို့ လှမ်းမေးတယ်။

မုဆိုးကြီးက ထိုလူကို လှည့်မကြည့်ဘဲ …

"မင်းရဲချောင်း …"

လို့သာ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။ 'မင်းရဲချောင်း' ဆိုသံကြောင့် ဗလကြီးတစ်ယောက် မျက်လုံးပြူးပြီး ကျန်ရစ်ရှာတယ်။

ဦးသက္က၊ မုဆိုးပန်းအောင်နဲ့ တပည့်နှစ်ဦးဟာ ရွာများကို ကျော်ဖြတ်ရင်း အချိန်ကြာမြင့်စွာ လျှောက်ခဲ့ကြတယ်။

မှောင်ရီပျိုးစအချိန်လောက်မှ မင်းရဲချောင်းနံဘေးရွာလေးကို ရောက်သွားတယ်။

ချောင်းဘေးရွာဖြစ်တာကြောင့် ခြေတံရှည်တဲအိမ်လေးတွေက စီရရီ။ ဦးသက္ကက ချောင်းစပ်ရှိ ရင်းရဲ့သစ်လုံးအိမ်လေးဆီ ခေါ်ဆောင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မှဆိုးကြီးတို့လည်း ခရီးပန်းလောက်ရောပေါ့၊ အနားယူကြဦးဗျာ . . . ကျုပ် ညစာအတွက် စီစဉ်လိုက်ဦးမယ်၊ ကျုပ်က တစ်ကိုယ်တည်းသမားဗျ၊ ဒါကြောင့် မုဆိုးကြီးတို့ လွတ်လွတ်လပ်လပ်အနားယူပါ"

ဦးသက္ကပာ ပြောဆိုရင်း ဖျာနဲ့ခေါင်းအုံးတွေ ချပေးတယ်။ ခဏကြာတော့ ရွာသားသုံးဦးရောက်လာပြီး ဦးသက္ကနဲ့အတူ မီးဖိုချောင်လေးထဲဝင်သွားကြတယ်။

မုဆိုးပန်းအောင်ဟာ အိပ်ရာပေါ်လှဲရင်း ဆေးပြင်းလိပ်ကိုဖွာရှိုက်နေလိုက်တယ်။ တပည့်ကျော်နှစ်ယောက်ကတော့ ခရီးပန်းတဲ့အရှိန်နဲ့ နှစ်ခြိုက်စွာအိပ်ပျော်သွားရှာပြီ။

ဦးသက္ကတို့ မီးဖိုချောင်မှာ ချက်ပြုတ်နေစဉ်မှာတော့ . . .

"အား . . . သရဲမ သရဲမ . . . ငါ့လည်ပင်းညှစ်နေပြီ . . . အား . . ဟူး . . "

တောကြီးတစ်ယောက် အိပ်နေရင်းက သူ့လည်ပင်းသူ ညှစ်ပြီး ဗလုံးဗထွေး အော်လိုက်တယ်။

"ဟော့ကောင် တောကြီး . . . ထစမ်း . . . ဘာတွေ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



အော်နေတာလဲ''

မုဆိုးပန်းအောင်က တေကြီးရဲ့ပခုံးကို ဆောင့်ဆွဲပြီးဆွဲထူလိုက်တယ်။ တေကြီးရဲ့အသံကြောင့် ဦးသက္ကဟာ ပြေးထွက်လာတယ်။

တေကြီးက အလွန်အမင်း တုန်လှုပ်ချောက်ချားနေတဲ့မျက်နှာကြီးနဲ့ ...

''သရဲမ ... သရဲမ ... ဆံပင်ဖားလျား မျက်လုံးပြူးကြီးနဲ့ ကျုပ် ... ကျုပ်ကို ငါ့ခေါင်းအုံးမှာ မအိပ်နဲ့ ... ထစမ်းလို့ပြောပြီး လည် ... လည်ပင်းညှစ်တယ်ဗျ''

လို့ ကတုန်ကယင်ပြောတယ်။ တေကြီးရဲ့စကားကြောင့် ဦးသက္ကဟာ မျက်နှာပျက်သွားပြီး ...

''မောင်ရင် ခရီးပန်းပြီး သွေးလေချောက်ချားလို့ အိပ်မက်ဆိုးမက်တာပါ။ ကျုပ်အိမ်မှာ မကောင်းဆိုးဝါးမရှိပါဘူး''

လို့ ပြောလာတယ်။ ဒီအချိန်မှာပဲ မီးဖိုချောင်ထဲမှာ လူငယ်သုံးယောက်ထွက်လာပြီး မုဆိုးကြီးတို့ရှေ့ ဒေါင်းလန်းကြီးတစ်ခုကို ခင်းလိုက်တယ်။

မုဆိုးကြီးနဲ့ တပည့်နှစ်ယောက်ဟာ ဒေါင်းလန်းကြီးကို အထူး

www.burmeseclassic.com

www.burmeseclassic.com



အဆန်းသဖွယ် ငေးကြည့်နေမိတယ်။ ဦးသက္ကက ...

"ကျုပ်ကို ရှေးရိုးစွဲတယ်လို့ ပြောလည်းရတယ်၊ ကျုပ်က ဒေါင်းလန်းနဲ့ လက်ရည်တစ်ပြင်တည်း ထမင်းစားရတာကို သိပ်နှစ်သက်တယ်ဗျို့၊ မုဆိုးကြီးတို့တော့ စားတတ်ပါ့မလား မသိဘူး"

လို့ ပြောတဲ့အခါ မုဆိုးကြီးက ...

"ကိစ္စမရှိပါဘူး"

လို့သာ ပြန်ပြောလိုက်တယ်။ ဒေါင်းလန်းကြီးရှေ့ ထိုင်မိချိန်မှာတော့ လူလေးယောက်စာ ထမင်းပုံတွေနဲ့အတူ ကြက်သားဟင်းချက်၊ ပုရစ်ကြော်၊ လယ်ကြွက်ကြော်တွေကို တွေ့လိုက်ရတယ်။

မုဆိုးကြီးတို့သုံးယောက်သား ဗိုက်ဆာဆာနဲ့ စားသောက်ဖွယ်ရာတွေကို ခေါင်းမဖော်တမ်း လွေးတော့တယ်။ စားသောက်ပြီးတဲ့အခါ ဦးသက္ကရဲ့တပည့်တွေက ဒေါင်းလန်းကြီးကို အိမ်ရှေ့ရွှေ့သွားပြီး ထမင်းကျန်ဟင်းကျန်တွေကို ခွေးချကျွေးတယ်။

ခွေးဟာ ဒေါင်းလန်းထဲက ထမင်းဟင်းတွေကို မြိန်ယှက်စွာစားသောက်တာ ထမင်းတစ်စေ့မကျန်ဘူး။ စားပြီးတဲ့အခါ ဒေါင်းလန်းအနံ့ လျှာကြီးနဲ့လျှောက်လျက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုမြင်တဲ့ မုဆိုးကြီးတို့လူစုဟာ စားထားသမျှ အန်ထွက်ချင်မတတ်ဖြစ်သွားရတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၄ )

## မင်းရဲ့ချောင်းမှာ မုဆိုးကြီးတို့ ဘာကြုံရမလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## မြေကြီးထဲဝင်သောမိန်းမ

ညရောက်တဲ့အခါ ဦးသက္ကနဲ့ မှဆိုးပန်းအောင်ဟာ အိမ်ရှေ့ ကွပ်ပျစ်မှာ အကြမ်းရည်သောက်ရင်း စကားဝိုင်းဖွဲ့နေကြတယ်။

တပည့်ကျော်နှစ်ယောက်ကတော့ နှစ်ခြိုက်စွာ အိပ်မောကျ နေကြပြီ။

"မိကျောင်းရဲ့သဘာဝက ငါးတွေလို ရေထဲမှာ အကြာကြီး

www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ကြဘူး၊ အကြာကြီးဆိုတာ ရက်တွေအကြာကြီးကို ပြောတာ ရေပေါ်တက်ပြီး လေရှူရင်ရှူ၊ မရှူလို့ကတော့ ရေအောက်မှာတင် သေသွားတတ်တယ်၊ ခက်တာက ... အခု နတ်မိကျောင်းလို့ပြောတဲ့ မိကျောင်းဟာ တစ်ပတ်ကျော်လောက်ရှိရော့မယ်၊ လှုပ်ရှားမှု လုံး မတွေ့ရဘူး၊ ဒါကြောင့် ကျုပ်ဟာ မင်းရဲချောင်းတစ်လျှောက် လေ့နဲ့စုန် ဆန်သွားပြီး မိကျောင်းသတင်းကို စုံစမ်းခဲ့တယ်၊ ဘာသတင်းအစအန မှ မရဘူးဖြစ်နေတယ်ဗျ''

ဦးသက္ကရဲ့စကားကြောင့် မုဆိုးကြီးဟာ အကြမ်းရေကို မော့ သောက်လိုက်ရင်း ...

''ခင်ဗျားပြောပုံအရဆို မိကျောင်းဟာ ရေအောက်မှာ သေ တာရော မဖြစ်နိုင်ဘူးလား''

လို့မေးလိုက်တဲ့အခါ ဦးသက္ကက ခေါင်းခါယမ်းလိုက်ပြီး ...

'မိကျောင်းတစ်ကောင် ရေထဲမှာသေဖို့ဆိုတာက ဒဏ်ရာ အပြင်းအထန်ရမှ ဖြစ်နိုင်တာဗျ၊ ဒီကောင်ကြီးကို ဒဏ်ရာရအောင် လုပ်ဖို့မပြောနဲ့ ... မိကျောင်းမုဆိုးတွေသာ ဒင်းကြောင့် ခြေပြတ် လက်ပြတ်နဲ့ ဒုက္ခိတဘဝ ရောက်ခဲ့ကြတယ်၊ တချို့ဆို ဒင်း ကိုက်ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေအောက်ဆွဲချသွားလို့ မုဆိုးမ,ဖြစ်ကျန်ခဲ့တဲ့ မိန်းမတွေ အများကြီးပဲ၊ ဒင်းကို ဘယ်ရေမုဆိုးမှ အနားမသီရဲကြဘူး''

လို့ ပြောတယ်။ ဒီအချိန်မှာပဲ သစ်လုံးအိမ်လေးထဲမှ ဗလုံးထွေးအော်ဟစ်သံတွေကို ကြားလိုက်ရတယ်။ မုဆိုးကြီးတို့ ပြေးကြည့်လိုက်မှာတော့ ...

''မကောင်းဆိုးရွားမကြီး ... ငါ့ဆီ မလာနဲ့ ... သွား သွား''

လို့ အော်ဟစ်ရုန်းကန်နေရှာတဲ့ တေကြီးကိုတွေ့ရတယ်။ မုဆိုးကြီးက တေကြီးရဲ့ခြေထောက်ကို ကန်ကျောက်လိုက်ရင်း ...

''ဟေ့ကောင် ... သူများအိမ်လာပြီး ဘာတွေလျှောက်အော်နေတာလဲ ... ထစမ်း ထစမ်း''

လို့ မာန်မဲလိုက်တယ်။ တေကြီးတစ်ယောက် တစ်ကိုယ်လုံးချွေးဒီဒီးကျပြီး တုန်ယင်မောဟိုက်နေရှာတယ်။ ဘိုးအုပ်က ရေတစ်ခွက်ခပ်တိုက်လိုက်တယ်။

''ကျုပ် ... ကျုပ်ကို ညနေက တစ္ဆေမက လာဆွဲတယ်၊ ကျုပ် ဒီမှာမနေရဲတော့ဘူး ဆရာကြီး ... ပြန် ပြန်ပါရစေ''

တေကြီးရဲ့ ကြောက်ရွံ့တကြီးအပြောကြောင့် မုဆိုးပန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒေါသထောင်းခနဲထွက်သွားပြီး ...

"ဟေ့ကောင် တော်စမ်း ... ဒါ အပျင်းပြေ အိမ်လည်လာတာ မဟုတ်ဘူးကွ၊ မင်း ပြန်စရာအကြောင်း မရှိဘူး။ ငါရှိတဲ့နေရာ မင်းနေရမယ်၊ သွား ... မျက်နှာသွားသစ်စမ်း"

လို့ အော်ဟစ်လိုက်တယ်။ တေကြီးတစ်ယောက် ဘာစကားမှ မဟဝံ့တော့ဘူး။

ဦးသက္ကက သက်ပြင်းချရင်း ...

"တယ်ခက်တဲ့သူငယ်ပဲ ... လမ်းမှာ တစ်ခုခုအမှားလုပ်မိလို့များ အမှောင့်ကပ်လာသလား၊ မောင်တေကြီးကို ပယောဂဆရာပင့်ပြီး ပြမှဖြစ်မယ်ထင်တယ်"

လို့ ပြောတဲ့အခါ မုဆိုးကြီးက ဒေါသတကြီးဖြစ်သွားပြီး ...

"ဘာပယောဂမှ မဟုတ်ဘူး ... ဒင်း ရွာပြန်ချင်လို့ သက်သက်မဲ့လုပ်ပြနေတာ ဖြစ်မယ်၊ ကဲပါ ... ဦးသက္ကလည်း အိပ်တော့ ... ကျုပ်လည်း နားတော့မယ်"

လို့ပြောပြီး အိပ်ရာပေါ်လှဲချလိုက်တယ်။ ဦးသက္က အခန်းထဲ ဝင်သွားတဲ့အခါ မုဆိုးကြီးဟာ မျက်လုံးစုံမှိတ်ရင်း အိပ်ဖို့ကြိုးစားမိ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ပြတင်းတံခါးဆီမှ တိုးဝှေ့လာတဲ့ မြောက်လေကြောင့် မျက်လုံးတွေမှေးစင်းသလို ခံစားလိုက်ရတယ်။ သို့ပေမယ့် အိပ်မပျော်သေးတဲ့အတွက် မုဆိုးကြီးဟာ ဘယ်ညာလူးလိမ့်ရင်း အိပ်ပျော်ဖို့ကြိုးစားလိုက်တယ်။

ဒီအချိန်မှာပဲ အဝေးဆီမှပျံ့လွင့်လာတဲ့ ခွေးအူသံသဲ့သဲ့ကိုကြားလိုက်ရတယ်။ တေကြီးနဲ့ ဘိုးအုပ်ကတော့ နှစ်ယောက်သားလုံးထွေးဖက်ယက်ပြီး ဟောက်သံထွက်နေပြီ။

'ချွတ် .. ချွတ် .. ချွတ်'

တစ်ဦးတစ်ယောက် အနားကဖြတ်ပြီး ကြမ်းနင်းသွားသလိုအသံကြောင့် မုဆိုးကြီး မျက်လုံးအသာဖွင့်ကြည့်မိတယ်။

'ကျွီ ..'

လေတိုးမှုကြောင့်လား၊ လူဆွဲဖွင့်လို့လား မသိဘူး ... အိမ်တံခါးမကြီးဟာ လူတစ်ကိုယ်ထွက်စာမျှ ဟသွားတယ်။

မုဆိုးပန်းအောင်တစ်ယောက် ခေါင်းထောင်ပြီး ကြည့်လိုက်တယ်။ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်ရဲ့ကျောက်ကျော။

www.burmeseclassic.com

www.burmeseclassic.com



ဟာနေတဲ့ တံခါးကနေ တရွေ့ရွေ့ထွက်သွားတယ်။

"ဟာ ... အိမ်ထဲ သူခိုးဝင်တာလား ... မဖြစ်ဘူး။ ငါ လိုက်ကြည့်ရမယ်"

အတွေးနဲ့အတူ မုဆိုးကြီးဟာ ခေါင်းအုံးအောက်မှာ ထည့်ထားတဲ့ဓားမြှောင်ကို ယူပြီး ခြေဖော့နင်းထွက်ခဲ့တယ်။

တံခါးမကြီးကိုဆွဲဖွင့်လိုက်တဲ့အခါ လေပွေနဲ့အတူ သဲမှုန်တွေကြောင့် မုဆိုးကြီးရဲ့မျက်လုံးတွေ ကျိန်းစပ်သွားရတယ်။

ပတ်ဝန်းကျင်တစ်ခုလုံး ပိန်းပိတ်အောင်မှောင်မည်းနေတယ်။ ခွေးအူသံသဲ့သဲ့ကလွဲပြီး ပကတိ တိတ်ဆိတ်လျက်။ ခြံတံခါးကလည်း ပိတ်လျက်သား ...။

မုဆိုးကြီးဟာ ခြံဝန်းအနှံ့ မျက်လုံးဝေ့ကြည့်ရင်း တစ်နေရာအရောက်မှာတော့ 'ဟာ ...' ခနဲဖြစ်သွားပြီး မျက်လုံးကို ပွတ်သုပ်ရင်း ပြန်ကြည့်မိတယ်။

ခြံထောင့်ဆီမှာ ဆံပင်ဖားလားနဲ့ သဏ္ဌာန်တစ်ခု ...။

ထိုသဏ္ဌာန်က လေထဲလွင့်နေပြီး မြေကြီးထဲ ဖြည်းဖြည်း တိုးဝင်တော့မလိုလို ...။

www.burmeseclassic.com

www.burmeseclassic.com

# နတ်ကျားဖိုညှာဦ 

ကြောက်စိတ်ကင်းမဲ့တဲ့ မုဆိုးကြီးတောင် လက်ဖျားအေးစက်သလို ခံစားလိုက်ရတယ်။ ဒါပေမဲ့ မုဆိုးကြီးရဲ့ခြေလှမ်းက ခြံထောင့်ကို ရွေ့လျားသွားတယ်။

"ဘာလုပ်နေတာလဲ မုဆိုးကြီး …. အချိန်လင့်နေပြီဗျ … အိပ်တော့လေ"

နောက်ကျောဆီမှ အသံကြောင့် မုဆိုးကြီးဟာ ဆတ်ခနဲတုန်သွားပြီး နောက်ပြန်လှည့်ကြည့်တယ်။ ဦးသက္ကက သူ့ကို မျက်လုံးစိမ်းကြီးနဲ့ စိုက်ကြည့်နေတယ်။ ခုနကအဖြစ်အပျက်ကို ပြောဖို့ ဖြစ်မိပေမယ့် မိမိပဲ အိပ်မှုန်စုံမွှားနဲ့ ဖြစ်မိလေသလား။

"ကျုပ် အိပ်မရလို့ လမ်းထလျှောက်တာ … အခုပဲ ပြန်ဝင်တော့မလို့"

ထိုမျှသာ ဦးသက္ကကိုပြောပြီး အိမ်ပေါ်တက်ခဲ့မိတယ်။

ဆံပင်ဖားလျားနဲ့ မိန်းမတစ်ယောက်ရဲ့ပုံရိပ် …။

ပထမ အိမ်ပေါ်က ဆင်းသွားတယ်။ ပြီးတော့ ခြံထောင့်နေရာရဲ့ မြေကြီးထဲ တိုးဝင်သွားသလိုလို။

ဒါ … ဘာကြောင့်များလဲ။

www.burmeseclassic.com

www.burmeseclassic.com



တပည့်ဖြစ်သူ တေကြီးရဲ့ ကယောင်ကတမ်းအော်ပြောတဲ့

စကားများ …။

မှဆိုးပန်းအောင်တစ်ယောက် အတွေးများစွာ ဖြစ်နေရချေပြီ

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၅ )

## ဆံပင်ဖားလျားနဲ့ မိန်းမက တစ္ဆေလား ...

www.burmeseclassic.com

www.burmeseclassic.com

## နောက်နေ့နံနက်

မုဆိုးကြီးတို့ နံနက်စာစားသောက်နေချိန် ...

"အား ... ကယ်ကြပါဦးဗျို့ ... နတ်မိကျောင်းကြီး ... မိကျောင်းကြီး"

ဆိုတဲ့ အော်ဟစ်သံကို ကြားလိုက်ရတယ်။ အသံကြော

ဦးသက္ကနဲ့ မုဆိုးပန်းအောင်ဟာ သန္တတ်လုံကိုကောက်ဆွဲပြီး ပြေးထွ

www.burmeseclassic.com

www.burmeseclassic.com



တယ်။

ချောင်းစပ်မှ ပြေးလာတဲ့ရွာသားတစ်ယောက် ...။

ဦးသက္ကက လှမ်းပြီး ...

"ဟေ့ကောင် ဘုကြီး ... ဘယ်မှာလဲ မိကျောင်း"

လို့မေးလိုက်တဲ့အခါ ရွာသားက ချောင်းစပ်ဘက်ကို ညွှန်ပြရင်း ...

"ချောင်းစပ်က မနီတောမှာ ခနိုရည်သွားခံတာ ကျုပ်ကို အမြီးနဲ့ရိုက်တယ်ဗျ ... ကျုပ်လည်း ကြောက်လန့်ပြီး ပြေးလာတာ"

လို့ပြောတယ်။ ဦးသက္ကဟာ မုဆိုးကြီးကိုခေါ်ပြီး ချောင်းစပ်ဆီ ဆင်းခဲ့တယ်။ ချောင်းရေပြင်မှာ ပကတိငြိမ်သက်လျက်။

ဒီအချိန်မှာပဲ အနောက်ကပြေးလိုက်လာတဲ့ ဘိုးအုပ်နဲ့ တေကြီးတို့ ရောက်လာတယ်။ ဦးသက္ကက တံငါလှေတစ်စီးကိုဆွဲယူပြီး ...

"ကျုပ်တို့ ချောင်းရိုးအတိုင်း စုန်ဆင်းပြီး လိုက်ရှာရမယ်၊ သတိတော့ အင်မတန်ထားရမယ်ဗျို့"

လို့ပြောတယ်။ ထို့နောက်မှာတော့ ဦးသက္ကဦးဆောင်တဲ့ မုဆိုးကြီးတို့အဖွဲ့ဟာ လှေလေးနဲ့ စတင်ထွက်ခွာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာအရောက် ...

"ဟာ ဆရာကြီး ... ဟိုမှာကြည့်ပါဦး"

လို့ ဘိုးအုပ်က အလန့်တကြားထပြောတယ်။ ထိုနေရာ ကြည့်လိုက်တော့ ချောင်းစပ်လတာပြင်တစ်ခုမှာ မျောက်တစ်အု

"ကျုပ်တို့တောဘက်မှာတောင် မျောက်မရှိဘူး။ ဒီမှာ မျော တွေ တယ်ပေါပါလား ဦးသက္က ... မျောက်တွေက လတာပြင်မှ ဘာလုပ်နေကြတာလဲ"

တောကြီးရဲ့စကားကို ဦးသက္ကက ကွမ်းဝါးရင်းက ...

"အဲ့ဒီလတာပြင်မှာ ကဏန်းတွင်းတွေ အားကြီးပဲကွ၊ မျောက် တွေဟာ ကဏန်းတွင်းထဲကို အမြီးချပြီးဖမ်းလေ့ရှိတယ်၊ ဒါကို မျောက် ကဏန်းမျှားတယ်လို့ ခေါ်တယ်ကွ"

လို့ ရှင်းပြတယ်။

မျောက်တစ်ကောင်မှာ ပုစွန်လေးကို လက်နဲ့ဖမ်းကိုင်လိုက် တယ်။ ပုစွန်လုံးက ရွှံ့အလူးလူးဖြစ်နေတဲ့အတွက် ချောင်းစပ်ကို သွား ပြီးရေဆေးတယ်။ ရေဆေးရင်း ရွှံ့စင်,မစင်သိရအောင် ဒူးလက်ထဲမှာ ရှိတဲ့ ပုစွန်လုံးကို ဖြန့်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုစွန်လုံးကောင်က 'စွပ် ...' ခနဲခုန်ပြီး ရေထဲပြေးဆင်းသွားတယ်။ မျောက်ဟာ ပါးစပ်ထဲရောက်ခါမှ အစာလွတ်သွားတဲ့အတွက် တခွီးခွီးအသံမြည်ပြီး နောက်တွင်းတစ်ခုကို ထပ်နှိုက်ပြန်တယ်။

ဘိုးအုပ်နဲ့တေကြီးဟာ လှေပေါ်ကနေ မျောက်ကြီးကို လှမ်းကြည့်ရင်း တဟားဟားရယ်မောလိုက်ကြတယ်။

ဦးသက္ကတို့လူစုဟာ ချောင်းရိုးအတိုင်း စုန်ဆင်းခဲ့ပေမယ့် မိကျောင်းကြီးရဲ့အရိပ်တောင် မမြင်ရဘူး။ ဒါကြောင့် စိတ်ပျက်ပြီး ရွာဘက် ပြန်ဆုတ်ခဲ့ကြတယ်။

"ဘယ်လိုလဲဗျို့ ... နတ်မိကျောင်းကြီးကို မတွေ့ခဲ့ဘူးလား။ ဒင်းကို အမြန်ဖမ်းပြီး နှိမ်နင်းပေးစမ်းပါ ဦးသက္ကရာ၊ တစ်ခါကလည်း ချောင်းထဲဆင်းရေချိုးတဲ့ကလေးကို ဆွဲချသွားတယ်၊ ကျုပ်ကိုတောင် အမြီးထောင်ပြီးလှမ်းရိုက်တာ ... အပြေးမြန်ပေလို့ဗျို့"

လှေပေါ်ကဆင်းဆင်းချင်း ဘုကြီးက ဆီးကြိုပြောတယ်။

"ထူးတော့ထူးနေပြီကွ ... မင်းကိုရိုက်ချပြီး မကြာဘူး ငါ့ လိုက်သွားတာပဲ၊ မိကျောင်းမပြောနဲ့ ... ငါးမြီးတောင်မမြင်ရဘူးဟေ့၊ မင်း မူးရူးပြီးများပြောသလား ဘုကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးသက္ကစကားကြောင့် ဘုကြီးဟာ မျက်နှာရှုံ့မဲ့သွားပြီး ...

"ဟာဗျာ ... စောစောစီးစီး မူးရမလားဗျ၊ နတ်မိကျောင်းကြီး ကျုပ်ကိုလှမ်းရိုက်တာ ကျောတောင်အောင့်နေတာဗျ၊ ဆေးဆရာကိုတောင် အိမ်ပင့်ပြီး ဆေးလူးရတယ်"

လို့ ပြောရင်း မကျေမနပ်ထွက်သွားတယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၆ )

## နှုတ်မိကျောင်းကို ဖမ်းနိုင်ပါ့မလား ...

www.burmeseclassic.com

www.burmeseclassic.com

## မျက်လုံးတစ်စုံ

မုဆိုးပန်းအောင်တို့ နတ်မိကျောင်းဖမ်းဖို့ကြိုးစားနေချိန် ကန်ရိုးရွာလေးမှာတော့ . . . သူကြီးမြဒင်ဟာ ဆေးတံကို အငွေ့တထောင်းထောင်းထမတတ် ဖွာရှိုက်ရင်း . . .

"အင်း . . . ကိုးတောင်ပြည့်ကျားကြီးကို ဟိုရက်တုန်း အသေဖမ်းခဲ့တယ် . . . ညက ကျားဟိန်းသံကြားရတာ ဘာကြောင့်လဲ၊ ကျား

www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ဝိဉာဉ်ကများ တို့ရွာကိုမကျေနပ်လို့ ခြောက်လှန့်လေသလား"

လို့ ရေရွတ်လိုက်တဲ့အခါ သူကြီးရှေ့ စုပြုံထိုင်နေတဲ့ ရွာသား အုပ်ကြီးထဲမှ ...

"သူကြီးပြောတာ ဖြစ်နိုင်တယ် ... နတ်ကျားကြီး မကျေနပ်လို့ ခြောက်လှန့်တာဖြစ်မယ်ဗျို့၊ ကျုပ်တို့ ဘာလုပ်ကြမလဲ၊ ညက ကြားရတဲ့ ကျားဟိန်းသံကြီးက ကြောက်ခမန်းလိလိပဲဗျ ... အသံ ကြားပြီး ဘယ်သူမှ ဆက်မအိပ်ရဲတော့ဘူး"

လို့ တစ်ယောက်က ထပြောတယ်။ သူကြီးမြဒင်က ခါး ထောက်ရပ်ရင်းက ...

"ငါတို့ နတ်ကျားကြီးကို တောင်းပန်ပွဲတင်ရင် မကောင်းဘူး လား။ ရွာမှာက ဘုစုခရုကလေးသူငယ်တွေ ပေါပါဘိနဲ့ ... တော်ကြာ ကျားကြီးခြောက်လှန့်လို့ ကလေးတွေ အန္တရာယ်ဖြစ်ရင် မကောင်းဘူး တဲ့"

လို့ပြောပြန်တယ်။ လူအုပ်ထဲက ရွာသူတစ်ယောက်က ထပြီး

"တောင်းပန်ပွဲပေးရင် ဦးရှင်ကြီးတင်ပေးတဲ့ ဘိုးလေးချစ်ကို တင်ခိုင်းပါ၊ ဘိုးလေးချစ်က အကြားအမြင်ရသလောက်ကို စွမ်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



တော့်''

လို့ ထပြောတယ်။ သူကြီးမြဒင်ဟာ ရှာသူမရဲ့စကားကြောင့်

စဉ်းစားဟန်ပြုရင်း ...

''ဒါဆိုလည်း ဘိုးလေးချစ်ကိုသွားခေါ်ကြ ...ကျုပ် မေး

မြန်းကြည့်ဦးမယ်''

လို့ပြောလိုက်တဲ့အခါ လူအုပ်ထဲက ရှာသားနှစ်ယောက် ထ

သွားတယ်။

ခဏကြာတော့ ရှာသားနှစ်ယောက်နဲ့အတူ ဘိုးလေးချစ် ပါ

လာတယ်။

သူကြီးက အကြောင်းစုံပြောပြတဲ့အခါ ဘိုးလေးချစ်က ...

''တောင်းပန်ပွဲဆိုတာ လမိုင်းတင်တာနဲ့ အတူတူပါပဲ၊ သူကြီး

တို့ဆန္ဒရှိရင် မနက်ဖြန် နေဝင်ရီတရောအချိန်မှာ ပွဲတင်ပေးပါ့မယ်၊

ပွဲအတွက် ဖီးကြမ်းငှက်ပျောသုံးဖီးနဲ့ လက်ဖက်ကွမ်း အနည်းငယ်၊

အသားစိမ်း လိုအပ်ပါတယ်''

လို့ပြောတယ်။ သူကြီးက တပည့်ဖြစ်သူကို လိုအပ်သမျှ စု

ဆောင်းဖို့ တာဝန်ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ...

"သူကြီး ... သူကြီး"

လို့ အသံကုန်အော်ပြီးပြေးလာတဲ့ ရွာသားတစ်ယောက်ကို တွေ့လိုက်ရတယ်။

"ဟ ... ငါမသေသေးဘူးဟေ့ ... အသံပြုကြီးနဲ့ အော်မနေနဲ့ ဖင်က လိပ်ခေါင်းပါ ထွက်မတတ်ဘဲ"

"ကျုပ် ... ကျုပ် ရွာထိပ်တောစပ်မှာ ဘာမြင်ခဲ့တယ် မှတ်သလဲ"

ရွာသားရဲ့စကားကြောင့် လူအားလုံး စိတ်ဝင်တစားဖြစ်သွားတယ်။

"ပြောစမ်းပါဦး ... ဘာမြင်ခဲ့သလဲ၊ မင်း မဟုတ်တာတော့ လျှောက်မပြောနဲ့နော်"

သူကြီးရဲ့စကားကြောင့် ရွာသားက ချွေးပျံနေတဲ့မျက်နှာကို ပုဆိုးစနဲ့ဆွဲသုတ်ရင်း ...

"ကျုပ် တောစပ်မှာ ကျား ... ကျားမျက်လုံးကြီး တွေ့ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတဲ့အခါ လူအားလုံး 'ဟင် ...'ခနဲဖြစ်သွားပြီး ...

"ကျားမျက်လုံးကြီး"

လို့ သံယောင်လိုက်မိသွားတယ်။

"ဟုတ်တယ် ... ကျားမျက်လုံးကြီးဗျ၊ ချုံပုတ်ထဲက ပြူထွက်နေတာ ... မျက်လုံးကြီးကို ရဲနေတာပဲ"

ရှာသားရဲ့ထပ်မံပြောစကားကြောင့် သူကြီးမြဒင်ဟာ နားထင်သွေးဆောင့်သွားပြီး ...

"မနေ့ညက ကျားဟိန်းသံကြားရတယ်၊ အခု မျက်လုံးပါမြင်ရတယ်ဆိုတော့ မကြာခင် နတ်ကျားက တို့တွေကို ကိုယ်ယောင်ပြပြီးခြောက်လှန့်ဖို့ပဲ ကျန်တော့တယ် ... ကြားရတာ သွေးတိုးချင်တယ်ဟေ့"

လို့ ညည်းညူလိုက်တယ်။ တစ်ဆက်တည်း ဘိုးလေးချစ်ကိုလှမ်းပြီး ...

"ပွဲတင်ဖို့ ဒီညလုပ်ရင်ရော မရဘူးလား"

လို့မေးလိုက်တယ်။

"မရဘူး သူကြီး ... လမိုင်းပွဲပေးတာ အချိန်အခါ သိ

www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးတယ်၊ နေ့ဝင်ရီတရောအချိန်မှ ဖြစ်မှာ"

ဘိုးလေးချစ်စကားကြောင့် သူကြီးမြဒင် အကြီးအကျယ် စိတ်ညစ်သွားရချေပြီ။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

အာပိုင်း ( ၁၇ )

နတ်ကျားဝိညာဉ်က တကယ်ပဲလား ...

www.burmeseclassic.com

www.burmeseclassic.com

ဆမိုင်းပွဲတင်ပြီ

နောက်တစ်နေ့ ... နေဝင်ရီတရောအချိန်။

ကန်ရိုးတစ်ရွာလုံး ရွာပျက်ကြီးနေရာမှာ စုရုံးရောက်နေကြတယ်။

ဘိုးလေးချစ်က လမိုင်းပွဲကိုအသင့်ပြင်ပြီး အမွှေးတိုင်ရှေ့ကို မီးညှိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးမြဒင်ဟာ တပည့်ဖြစ်သူယူလာတဲ့ ကုလားထိုင်ပေါ် ထိုင်ရင်း ဘိုးလေးချစ်ရဲ့လုပ်ပုံတွေကို ကြည့်ရှုနေတယ်။

ရွာသားတွေကတော့ လမိုင်းပွဲရှေ့မှာ ဆောင့်ကြောင့်ထိုင်နေကြတယ်။

မှောင်စပျိုးချိန်မှာတော့ ဘိုးလေးချစ်ဟာ တောင်းပန်ပွဲကို ကိုင်မြှောက်ရင်း နှုတ်က တတွတ်တွတ်ရွတ်ဆိုနေတယ်။

ဒီအချိန်မှာပဲ လေးဖက်လေးတန်မှ လေပြင်းတွေတိုက်ခတ်လာတယ်။ လမိုင်းပွဲအတွက် ပူဇော်ထားတဲ့ အမွှေးတိုင်ပြာတွေ လွင့်စဉ်ပြီး ဖယောင်းတိုင်မီးတွေငြိမ်းသွားတယ်။

"ဟား ဟား ဟား . . . လေတွေတိုက်နေပြီ၊ နတ်ကျားကြီးလာတော့မယ်၊ နတ်ကျားကြီးလာတော့မယ် . . . ဗေ . . ထိ . . ထိ . . ထိ . . ဟေ့"

အရှုးကြီးပိုင်းသော်ရဲ့အော်ဟစ်ကခုန်သံကြောင့် ရွာသားတွေ မျက်နှာပျက်သွားကြတယ်။ ဘိုးလေးချစ်ကတော့ မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ရွတ်ဆိုကောင်းဆဲ . . .

'ဝေါင်း . .'

www.burmeseclassic.com

www.burmeseclassic.com



မြေတုန်မတတ် ဟိန်းထွက်လာတဲ့ ကျားဟိန်းသံကြောင့် ရွာသားတွေအားလုံး ခေါင်းမွေးထောင်သွားတယ်။ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေကြတယ်။

ခုံပေါ် အမြိန့်သားထိုင်နေတဲ့ သူကြီးလည်း ဆေးတံကြီး ပြုတ်ကျမတတ် ထိတ်လန့်သွားတယ်။

'ဝေါင်း ..'

ထပ်မံထွက်ပေါ်လာတဲ့အသံကြောင့် ရွာသားတွေ ဝရုန်းသုန်းကားဖြစ်ပြီး ထပြေးကုန်တယ်။ တပည့်ဖြစ်သူတွေက သူကြီးမြဒင်ကို အတင်းဆွဲပြီး ပြေးကြတယ်။

"ကျားလာတော့မယ်ဟ ... အမြန်ပြေးပါဟ"

ဆိုတဲ့အသံနဲ့အတူ ပွက်လောရိုက်ပြေးလွှားသံတွေ ညံစီသွားတယ်။ ဗလကြီးက ပွဲရှေ့ ကြောင်ရပ်နေတဲ့ ဘိုးလေးချစ်ရဲ့လက်ကို ဆောင့်ဆွဲပြီး တရွတ်ဆွဲခေါ်သွားတယ်။

လမိုင်းပွဲကြီးသာ ထိုနေရာမှာ အသက်ကင်းမဲ့လျက် ...။

နောက်ဆက်တွဲ ပြဿနာက ရွာသားတွေ ရွာထဲပြန်ရောက်တဲ့အခါ

"ဟာ ... ခြံထဲမှာ နွားတွေမရှိတော့ဘူး.. လိုက်ကြပါဦးဟ"

www.burmeseclassic.com

www.burmeseclassic.com



"ကြက်တွေ မရှိတော့ဘူး ... ကျားဆွဲခံရပြီဗျို့"

"ဆိတ်တွေလည်း ပျောက်သွားပြီ ... ကိုယ်ကျိုးနည်းပါပြီ သူကြီးရဲ့"

ဆိုတဲ့အသံတွေကို ရွာပျက်မတတ် ကြားလိုက်ရတယ်။ ကြားနေရတဲ့ အော်ဟစ်သံတွေကြောင့် သူကြီးမြဒင်ဟာ အကြီးအကျယ် စိတ်ပျက်သွားပြီး ...

"နတ်ကျားဟာ တို့တစ်ရွာလုံး ဒုက္ခပေးနေပြီ၊ ပွဲတင်လို့လည်း မရ ... တိရစ္ဆာန်တွေကိုလည်း ကိုယ်ယောင်ဖျောက်ပြီး ဆွဲသွားတယ်ဆိုတော့ ... ဘုရား ဘုရား ... တကယ့်ကို ဆရာ,မနိုင် နှစ်ဆောင်ပြိုင်ကျား ဖြစ်နေပြီ"

လို့ ရေရွတ်လိုက်တယ်။ ရွာသားတွေရဲ့ ပြေးလွှားသံ၊ အော်ဟစ်သံနဲ့အတူ နတ်ကျားခြောက်လှန့်တဲ့ သတင်းကိုကြားတဲ့ မီးနေသည်တစ်ဦးဟာ သွေးလန့်ပြီးမေ့မြောသွားရှာတယ်။

ရွာလက်သည်နဲ့ ရွာသူတွေဟာ မီးနေသည်ကို အမျိုးမျိုး သတိလည်ဖို့လုပ်ကြတယ်။ ဒါပေမဲ့ မီးနေသည်ဟာ တစ်ကိုယ်လုံး အေးစက်တောင့်တင်းပြီး အသက်ပါ ပါသွားရရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်း တစ်ရွာလုံးပျံ့သွားတဲ့အခါ ...

"မီးနေသည့်ကို နတ်ကျားကြီး ... လိပ်ပြာနှုတ်သွားပြီ"

ဆိုတဲ့စကားတွေထွက်လာတယ်။ ဒီသတင်းကြောင့် ကန်ရိုး တစ်ရွာလုံး လိပ်ပြာလွင့်မတတ် တုန်လှုပ်ချောက်ချားသွားကုန်တယ်။

"ဘာကြောင့်ပဲ သေသေ ... သေပြီးမှတော့ ဘာမှ လုပ်မရဘူး၊ ကုလားဖျင်းထိုးပြီး မုန့်ဟင်းခါးကျွေးဖို့ပဲ ရှိတော့တာပေါ့၊ ရွာခေါင်းအုပ်စုကို မီးနေသည့်အိမ်မှာ ဝိုင်းကူဖို့လွှတ်လိုက်"

သူကြီးမြဒင်ရဲ့အသံက ကြောက်ဒေါသကြောင့် မာထန်နေချေပြီ။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁၈ )

နတ်ကျားက ရွာသားတွေကို

ဘယ်လိုခြောက်လှန့်ဦးမလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## သုတ်ကိုင်းထောင်ပြီ

မင်းရဲချောင်းနံဘေးရှိ တစ်ရွာလုံးချောင်းစပ်မှာ စုပြုံရောက်နေတယ်။ လူတွေရဲ့အလယ်မှာတော့ လက်တစ်ဖက်ပြတ်ပြီး သွေးစိမ်းရှင်ရှင်ထွက်နေတဲ့ လူတစ်ယောက်။

ရေမှုဆိုးဦးသက္ကက ထိုလူရဲ့ဒဏ်ရာကို အဝတ်စည်းပေးရင်း

...

www.burmeseclassic.com

www.burmeseclassic.com



"ချောင်းထဲ မိကျောင်းပေါ်မှန်းသိရဲ့နဲ့ အကြောက်အလန့်မရှိ ဘဲ ရေထဲဆင်းရတယ်လို့၊ ကဲ ... ပြောစမ်းပါဦး"

လို့ ပြောလိုက်တဲ့အခါ ထိုလူက ဝေဒနာကို အံကြိတ်ခံရင်းက

"မိကျောင်းပေါ်မှန်းတော့ သိတာပေါ့ဗျ။ ခုတလော မိကျောင်း က ငြိမ်နေတာ အားလုံးအသိပဲ၊ ကျုပ်လည်း အိမ်မှာ သုံးစရာရေ မရှိတော့လို့ အရဲစွန့်ပြီးဆင်းခပ်တာ၊ ရေထဲကနေ ဗွမ်းခနဲပေါ်လာပြီး ကျုပ်လက်ကို လှမ်းဟပ်တယ် ... အား ... ကျွတ် ကျွတ်"

လို့ ညည်းညူရင်း ပြောလိုက်တယ်။

"ကဲ ... သူ့ကိုအမြန်ခေါ်သွား၊ တော်ကြာ သွေးနဲ့ရလို့ ဟိုကောင်ကြီးထပ်လာရင် အားလုံး မသာပေါ်ကုန်လိမ့်မယ်"

ဦးသက္ကရဲ့စကားကြောင့် ရွာသားတွေဟာ မိကျောင်းကိုက်ခံရ တဲ့လူကို ချီပိုးပြီး ထွက်သွားကြတယ်။ ဒီအချိန်မှာပဲ လူတစ်ယောက် ဟာ လှေကို အသည်းအသန်လှော်ခတ်လာပြီး ...

"ဦးသက္က ဦးသက္က ... မြောက်ဘက်က လတာပြင်နားမှာ နတ်မိကျောင်းကြီး မေးတင်နေတယ်၊ ခေါင်းကြီးက နည်းတာကြီး မဟုတ်ဘူး၊ ဖော်သေးတယ် ... ကျုပ် အဝေးက လှမ်းမြင်လို့ပေပဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလာတယ်။ ရွာသားရဲ့စကားကြောင့် ဦးသက္ကရဲ့ ...က်နှာ ဝင်းပသွားပြီး ...

"ဒါ သဟင်းကောင်းပဲ မုဆိုးကြီးရေ ... ကျုပ်တို့ ပစ္စည်းတွေ ...ပြီး အမြန်လိုက်မှဖြစ်မယ်"

လို့ ဆော်ဩလိုက်တယ်။ ဦးသက္က တေ၀ကြီးတို့နှစ်ယောက်ကို ...ထုပ်တဲ့ပစ္စည်းတွေ ပြန်ယူနိုင်းတယ်။ ပြီးတော့ ထိုရွာသားရဲ့လေ့နဲ့ပဲ ...မြောက်ဘက်ကိုထွက်ခဲ့ကြတယ်။

ချောင်းမြောက်ဘက်ရှိ လတာပြင်ကိုရောက်တော့ မိကျောင်း ...စား အော်ဟစ်ပြေးလွှားနေတဲ့ မျောက်အုပ်ကိုသာ တွေ့ရတယ်။

"တောက် ... ဟိုကောင် ငါ့ကို လျှောက်ပြောသွားပြီ၊ ဘာ ...ကျောင်းမှမရှိဘူး ... ခွေးကောင်"

ဦးသက္ကတစ်ယောက် မကျေမနပ်ရေရွတ်တယ်။ မုဆိုးပန်း ...အောင်က မျောက်အုပ်ကိုကြည့်ရင်း ...

"ကျုပ်တို့ လတာပြင်ကို လေ့ကပ်ရအောင် ... မျောက်ဖမ်း ...မယ်ဗျို့"

လို့ပြောလိုက်တဲ့အခါ တေ၀ကြီးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာက မိကျောင်းမရတော့ မျောက်ဖမ်းပြီး ပြန်မလို့လာ
လူရယ်စရာဖြစ်နေပါ့မယ် ဆရာကြီးရယ်"

လို့ လေသံတီးတိုး ပြောတယ်။ ဦးသက္ကက မုဆိုးကြီးပြော
အတိုင်း လှေကို လတာပြင်ဆီ ချဉ်းကပ်လိုက်တယ်။

"ကျုပ်တို့ မျောက်နဲ့မှားပြီး မိကျောင်းကိုခေါ်ရမယ်"

မုဆိုးကြီးရဲ့စကားကြောင့် ဦးသက္ကက သက်ပြင်းအသာ
လျက် ...

"ဒီနည်းကို ကျုပ်သုံးခဲ့ပြီးပါပြီ ... ဘာမှ အကြောင်းမထူးဘ
မုဆိုးကြီး"

လို့ ပြောလိုက်တယ်။ မုဆိုးကြီးက ခေါင်းခါယမ်းလိုက်ပြီး

"ခင်ဗျားအတွက် မထူးပေမယ့် ကျုပ်ကတော့ စမ်းကြည့်
မယ်၊ လှေပေါ်က ငှက်ပျောသီးဖီးနဲ့ ခင်ဗျားယူလာတဲ့ သုတ်ကြိုးပေးပါ"

လို့ တောင်းလိုက်တယ်။ ငှက်ပျောသီးဖီးနဲ့ကြိုး ရတဲ့အခါ
မုဆိုးကြီးဟာ သောင်ပြင်မှာ လက်ယက်တွင်းတစ်ခုယက်လိုက်တယ်။
တွင်းလေးထဲကို ကြိုးကွင်းချပြီး ငှက်ပျောသီးကို တွင်းပေါ်ချလိုက်
ပြန်ယူလိုက် လုပ်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မလှမ်းမကမ်းမှာရှိတဲ့ မျောက်အုပ်က မုဆိုးကြီးကိုငေးကြည့်နေကြတယ်။ မုဆိုးကြီးက ငှက်ပေါ်သီးဖီးကို တွင်းပေါ်တင်ပြီး ကြိုးစကို ညွန့်ထဲမြှုပ်ဆွဲလိုက်တယ်။

ထိုကြိုးစကိုတော့ လှေနားရောက်အောင် ဆွဲသွားတယ်။ မုဆိုးကြီးလှေပေါ်ပြန်ရောက်တဲ့အခါ ငှက်ပျောသီးဖီးဆီ အလုအယက်ပြေးသွားတဲ့ မျောက်အုပ်ကိုတွေ့ရတယ်။

မျောက်တွေဟာ ငှက်ပျောသီးကို အသည်းအသန်ဝိုင်းဝန်းလုယက်ကြတယ်။ မုဆိုးကြီးက လက်မှာကိုင်ထားတဲ့ကြိုးစကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်တယ်။

မျောက်တစ်ကောင်ဟာ ကံဆိုးသူမောင်ရှင်ဖြစ်ပြီး ကြိုးကွင်းမှာ ကားယားကြီးပါလာတယ်။ လှေနားရောက်တော့ မုဆိုးကြီးဟာ ဓားမြှောင်ကိုဆွဲယူပြီး မျောက်ရဲ့လည်မျိုကို လှီးဖြတ်လိုက်တယ်။

မျောက်လည်ပင်းကကျလာတဲ့ သွေးကို ခွက်တစ်ခုနဲ့ ခံယူတယ်။ ခွက်ထဲကသွေးတွေကို သောင်ပြင်ပေါ် သွေးစက်ချတယ်။

မျောက်သွေးကြောင့် သောင်ပြင်အနီးရှိချောင်းတစ်ခုလုံးသွေးခြင်းခြင်းနီသွားတယ်။ မျောက်သေကို သုတ်ကိုင်းကြိုးကွင်းထဲထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ငုတ်ရိုက်ချည်ထားတယ်။

" ကိုင်းတံနှစ်ခု ... ကိုင်းကြိုးနှစ်ပင် ... ကိုင်းသီးခလုတ်နဲ့ ထောင်ရတဲ့ မိကျောင်းဖမ်းသုတ်ကိုင်း။

ပြီးမှ ... မုဆိုးကြီးတို့လူစုဟာ ရွာဘက်ပြန်ထွက်ခဲ့တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၉)

## ထောင်ချောက်မှာ နတ်မိကျောင်း မိပါ့မလား ...

www.burmeseclassic.com

www.burmeseclassic.com

## အပြုံးမျက်နှာများ

ရွာရောက်တော့ ဘေကြီးက မုဆိုးကြီးကို လှမ်းပြီး ...

"တို့ဆရာက မိကျောင်းသောင်ချောက်လည်း ထောင်တတ်တာပဲ၊ ခုနက ထောင်ချောက်အကြောင်းရှင်းပြပါ ဆရာကြီး"

လို့ ပြောလာတယ်။

"မိကျောင်းသုတ်ကိုင်းက တခြားတိရစ္ဆာန်တွေကို ထောင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သုတ်ကိုင်းနဲ့မတူဘူး။ သူ့အမြီးနဲ့ ဘယ်လောက်ရိုက်ပါစေ . . . ကိုင်းကြီးကိုမထိအောင် ထောင်တတ်ဖို့အရေးကြီးတယ်၊ သူ့ရဲ့ခြေနဲ့ လက်ကိုထိမိအောင် ထောင်တတ်ရတယ်ကွ၊ ဒါမှ သုတ်ကိုင်းကြီးနှစ်ပင်ကြား မိကျောင်းဟာ လေထဲ ကားယားကြီးမိနေမှာ"

မုဆိုးပန်းအောင်ရဲ့စကားကြောင့် ဘိုးအုပ်က . . .

"တောတွင်းတိရစ္ဆာန်ဖမ်းရတာကို ခက်လှပြီထင်နေတာ . . . ရေမုဆိုးအလုပ်က ပိုခက်ပါလား၊ မလွယ်လိုက်တာနော်"

လို့ ညည်းညူလိုက်တော့တယ်။ မုဆိုးကြီးတို့အဖွဲ့ဟာ ချောင်းစပ်မှာထိုင်ပြီး ခလောက်သံကိုနားစွင့်နေကြတယ်။

နေဝင်လုလုအချိန်မှာတော့ အဆက်မပြတ်ထွက်ပေါ်လာတဲ့ ခလောက်သံသဲ့သဲ့ကို ကြားလိုက်ရတယ်။ သူတို့အားလုံး မျက်နှာဝင်းပသွားရင်း လှေနဲ့ထွက်ခဲ့တယ်။ ချောင်းမြောက်ဘက်ကိုရောက်တော့

"ဟာ . . . သုတ်ကိုင်းမှာ မိကျောင်းကြီးမိနေပြီဟေ့"

လို့ ဝမ်းသာအားရအော်ဟစ်လိုက်တဲ့ ဦးသက္ကရဲ့အသံကို ကြားလိုက်ရတယ်။

သူတို့အားလုံးကြည့်မိတဲ့အခါ သုတ်ကိုင်းကြီးနှစ်ပင်ရဲ့ ရှေ့

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆွဲထားခြင်းခံရတဲ့ မိကျောင်းကြီးကိုတွေ့လိုက်ရတယ်။

ဦးသက္ကက သူတို့ကို မှာစရာရှိတာမှာပြီး သုတ်ကိုင်းကြီးကို ဖြတ်ချလိုက်တယ်။ 'ဂုန်း . . .'ခနဲသံနဲ့အတူ လေထဲမှာ မိကျောင်းကြီးကျလာတဲ့အခါ သူတို့အားလုံး သခွတ်လှံကိုယ်စီနဲ့ အားကုန် ထိုးစိုက်လိုက်ကြတယ်။

ဦးသက္ကက သခွတ်လှံကိုကျစ်နေအောင် ဆုပ်ကိုင်ပြီး . . .

"ရော့ . . . ဒါက ငါ့မိန်းမအတွက်၊ ဟောဒါက . . . နင့်ကြောင့်သေတဲ့ ရွာသားတွေအတွက်၊ ဟော့ဒီနောက်ဆုံးတစ်ချက်က . . . ငါ့မိတ်ဆွေ ရေမှုဆိုးကြီးတွေအတွက်ကွ"

လို့ အသံနက်ကြီးနဲ့အော်ရင်း မိကျောင်းရဲ့ဝမ်းဗိုက်ဆီ အားကုန်ထိုးစိုက်လိုက်တယ်။ ပြီးတဲ့အခါ မိကျောင်းသေကို ကြိုးနဲ့ဆွဲပြီး လှေကိုရွာဘက်ပြန်လှော်ခတ်ခဲ့တယ်။

"မိကျောင်းမိပြီဗျို့ . . . လာကြပါဗျ"

တော်ကြီးက ကမ်းပေါ်ပြေးတက်ရင်း တရစပ် အော်ဟစ်လိုက်တယ်။ ခဏအကြာမှာတော့ ရွာလုံးကျွတ်မျှ ချောင်းစပ်ကို ရောက်ရှိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသက်ကင်းမဲ့နေတဲ့ မိကျောင်းကိုကြည့်ပြီး 'ဟေး ...'
ဲ အော်ဟစ်လိုက်ကြတယ်။ ရေမှုဆိုးဦးသက္ကက ရွာသားတွေကို
ကြည့်ရင်း ...

"လူပေါင်းများစွာရဲ့အသက်ကို ဝါးမျိုခဲ့တဲ့ မိကျောင်းကြီးကို
ဆီးနိုင်တာ ကျုပ်အစွမ်းကြောင့်မဟုတ်ပါဘူး ... ဟောဒီက ကျုပ်
တ်ဆွေ မုဆိုးကြီးပန်းအောင်ကြောင့်ပါ၊ အားလုံးသိကြတဲ့အတိုင်း
ျပ်ဟာ ထောင်ချောက်အမျိုးမျိုးသုံးပြီး ကြိုးစားခဲ့ပေမယ့် မအောင်
ခဲ့ဘူး။ ဒီမိကျောင်းဟာ မုဆိုးပန်းအောင်ချွတ်မှ ကျွတ်မယ့်အထုံ
ာလို့ထင်ပါတယ်၊ ကျုပ်တို့အတွက် ခက်ခဲသလောက် သူ့အတွက်
ာ့ သုတ်ကိုင်းထောင်နည်းနဲ့ပဲ မိကျောင်းကြီးကို လက်ရဖမ်းဆီး
ာပါ၊ အားလုံး လက်ခုပ်တီးပြီး မုဆိုးကြီးကို ဂုဏ်ပြုပေးပါ"

လို့ပြောလိုက်တဲ့အခါ တဖြောင်းဖြောင်းတီးခတ်လိုက်တဲ့ ရွာ
းတွေရဲ့ လက်ခုပ်သံတွေက ညံညံစီသွားတော့တယ်။

● ● ● ● ●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၀ )

## မုဆိုးပန်းအောင် ဘာဆက်ဖြစ်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## အလောင်းကောင်ကြီး

ကန်ရိုးရွာရဲ့ည ...။

မီးနေသည်ရဲ့အသုဘအိမ်မှာ အောက်လင်းမီးတွေ ထိန်ထိန်ညီးနေတယ်။ နတ်ကျားဝိညာဉ်ကို ကြောက်တဲ့အတွက် ဘယ်သူမှ အသုဘအိမ် မသွားဝံ့ဘူး။

ကာလသားခေါင်းကြက်ရိုးတို့တစ်ဖွဲ့သာ ထိုင်ပြီး ယိုကြီးမဲကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖဲရိုက်နေကြတယ်။ နာရီပြန်တစ်ချက်တီးလောက်ကျတော့ ကြက်ရိုး
ဟာ အညောင်းဆန့်လိုက်ရင်း ...

"ငါ အပေါ့သွားဦးမယ်ဟေ့၊ မင်းတို့ဝိုင်း မစနဲ့ဦး ... ငါ့ကို
စောင့်"

လို့ပြောပြီး ပုလင်းထဲက လက်ကျန်အရက်ကို မော့သောက်
တယ်။ ပြီးတော့ ဒယိမ်းဒယိုင်ခြေလှမ်းနဲ့နောက်ဖေးခြံ စည်းရိုးဘက်
လျှောက်သွားတယ်။ ကိစ္စပြီးလို့ လှည့်ထွက်လိုက်တော့ ...

'ဒုံး .. ခလွမ်း .. ဒုံး'

မီးဖိုဆောင်ဘက်မှထွက်လာတဲ့အသံကြောင့် ကြက်ရိုး ခေါင်း
မွေးထောင်သွားရတယ်။ စပ်စုချင်စိတ်က ထိန်းမရဘဲ မီးဖိုချောင်ဆီ
ချဉ်းကပ်မိတယ်။

တံခါးဝရောက်တော့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ကြက်ရိုး
ကြက်သီးဖျန်းခနဲထသွားတယ်။ ထို့နောက်မှာတော့ ...

"အမယ်လေး ... သရဲဗျ ... သရဲ သရဲ"

ကြက်ရိုးတစ်ယောက် မျက်လုံးထဲ ဘာမှမမြင်တော့ဘူး။ အော်
ဟစ်ရင်း အိမ်ရှေ့ဘက်ပြေးထွက်သွားတယ်။ ဖဲဝိုင်းတစ်ခုလုံး ဝရုန်း

www.burmeseclassic.com

www.burmeseclassic.com



သုန်းကားဖြစ်ပြီး ...

"ဟော့ကောင် ဘယ်မှာလဲ ... သရဲ ... သရဲဘယ်မှာလဲ"

လို့ ဝိုင်းမေးကြတယ်။

"မီးဖိုချောင်မှာ ဟင်းအိုးကို မနေတယ်၊ တစ်ကိုယ်လုံး ဖြူဆွတ်နေတာပဲ ... ဖြူဖြူကြီးကွ၊ မျက်နှာလည်းမရှိဘူး"

ကြက်ရိုးရဲ့စကားကြောင့် ဖဲသမားတွေဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ...

"သရဲဖြူကြီးဗျို့ ... ကယ်ပါဦး သူကြီးရဲ့"

လို့ ငယ်သံပါအောင်အော်ဟစ်ရင်း ခြေကုန်သုတ်ပြေးတော့တယ်။ အော်ဟစ်သံကြားပေမယ့် ဘယ်သူမှ အိမ်ပြင်မထွက်ဝံ့ဘူး။

သူကြီးမြဒင်ကတော့ အိပ်ရာကလန့်နိုးသွားပြီး အပေါ်ထပ်ဝရန်တာကနေ ထွက်ကြည့်တယ်။ ကြက်ရိုးတို့တစ်သိုက် ခြံတံခါးကို အတင်းဖွင့်ရင်း အိမ်ထဲပြေးဝင်လာတယ်။

"ဟဲ့ ... အချိန်မတော် ဘာဖြစ်ပြန်ပြီလဲဟေ့"

သူကြီးမြဒင်ဟာ ပြောပြောဆိုဆို ပုဆိုးကြီးမ,ပြီး အိမ်အောက်ဆင်းလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အ . . . အသုဘအိမ်မှာ သရဲခြောက်တယ် သူကြီး၊ ကျ
. . . ကျုပ်တို့ အဲ့ဒီမှာ ည,မစောင့်ချင်တော့ဘူး"

ကြက်ရိုးရဲ့စကားကြောင့် သူကြီးမြဒင်ဟာ မျက်နှာတင်း
သွားပြီး . . .

"ဘာကွ . . . သရဲ ဟုတ်လား၊ ပါးစပ်က အရက်နံ့ ထောင်
ထောင်းထနေတဲ့ နင့်စကားကို ငါမယုံဘူး၊ ဟိုကောင်တွေ . . . မင်းတို့
ရော မြင်ခဲ့ကြလား"

လို့မေးလိုက်တဲ့အခါ ကျန်လူများက မျက်နှာသေလေးတွေနဲ့

"မ . . . မမြင်ခဲ့ပါဘူး . . . ကိုကြက်ရိုးပြောတာ ကြားပြီး
လန့်ပြေးလာမိတာပါ"

လို့ ဖြေလိုက်ကြတယ်။

"တောက် . . . အသုံးမကျတဲ့ကောင်တွေ၊ အခု ရွာမှာ ဘာ
ဖြစ်နေသလဲ . . . မင်းတို့သိလား၊ တစ်ရွာလုံး နတ်ကျားဝိညာဉ်ကို
ကြောက်ပြီး အသုဘအိမ် မသွားရဲဘူးဖြစ်နေတယ်၊ အသုဘအိမ်ဆိုတာ
ဖဲဝိုင်းအစောင့် ရှိရတယ်ကွ၊ မင်းတို့လုပ်ပုံကို တခြားရွာသားတွေသိရင်
ကန်ရိုးရွာသားတွေ သတ္တိကြောင်ပုံများ အသုဘအိမ်တောင် အစောင့်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဝံ့ကြဘူးလို့ ကဲ့ရဲ့ကြလိမ့်မယ်ကွ၊ သွား . . . ခုချက်ချင်း ပြန်သွားကြ . . . ဘာသံမှ ထပ်မကြားချင်ဘူး"

သူကြီးမြဒင်ရဲ့ မာန်မဲမှုကြောင့် ကာလသားခေါင်းကြက်ရိုးတို့ ဘာမှမပြောဝံ့တော့ဘူး၊ မျက်နှာတွေရှုံ့မဲ့ပြီး ပြန်ထွက်ခဲ့ကြတယ်။

အသုဘအိမ်ကိုပြန်ရောက်တော့ ကြက်ရိုးဟာ အလောင်းစင်ဘက်ကိုကြည့်ရင်း . . .

"ငါတွေ့တဲ့ဖြူဖြူကြီးဟာ မီးနေသည်ရွှေမိလား . . . ဒါမှမဟုတ် နတ်ကျားဝိဉာဉ်ပဲလား မသိဘူးကွ၊ ဖြူဖြူကြီးမြင်ပြီးမှ ရွှေမိအလောင်းကြည့်ရတာ ကျောချမ်းလာပြီ"

လို့ ကတုန်ကယင်သံနဲ့ ပြောလိုက်တယ်။

"ကိုကြက်ရိုး . . . ကျုပ်တို့ကြောက်အောင် မခြောက်နဲ့ဗျာ၊ မိုးလင်းဖို့ အဝေးကြီးလိုသေးတယ်ဗျ၊ မနေရဲအောင် မလုပ်ပါနဲ့"

ရွာသားလူငယ်တစ်ယောက်က မကျေမနပ်ရေရွတ်ရင်း ဖဲဝိုင်းရှိရာ ကွပ်ပျစ်ပေါ် ထိုင်လိုက်တယ်။ သူတို့အဖွဲ့ ဖဲဝိုင်းကို ပြန်စချေပြီ။

သူတို့အားလုံး ဖဲမှာစိတ်မဝင်စားဘဲ ကြောက်စိတ်သာ ကြီးစိုးနေတယ်။ သူတို့နဲ့ ဝါးတစ်ရိုက်အကွာမှာက ဇာပဝါလွှမ်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလောင်းကောင်ကြီး ....။

ကြက်ရိုးတစ်ကောင်ဖဲကစားရင်း အလောင်းကိုလှမ်းကြည့်ပြီး စိတ်ချောက်ချားနေမိတာအမှန်။ ဒီအချိန်မှာပဲ 'ဖြုန်း' ဆို မီးမှောင်ကျ သွားတယ်။

"ဟာ ... မီးပြတ်သွားပြီကွ ... ရှာကြပါဦး ဖယောင်းတိုင်"

"ကို ... ကိုကြက်ရိုး ... ဟိုမှာကြည့်ပါဦး"

"ဟ ... ဘာလဲဟ ... ဘယ်မှာလဲ"

"ဟို ... ဟိုမှာ ... ရွှေမိအလောင်း"

ကြက်ရိုးရဲ့အကြည့်က အလောင်းစင်ရှိရာ ရောက်သွားတယ်။ မှောင်ကြီးမည်းမည်းထဲ အလောင်းမှာခြုံလွှမ်းထားတဲ့ ဇာပဝါအဖြူကြီး က လှုပ်နေသယောင်။

ကြက်ရိုးတစ်ကောင် ကြက်သီးဖြန်းခနဲ ထမိပေမယ့် ကြောက် စိတ်ကိုမာန်တင်းရင်း ...

"လေ ... လေတိုက်လို့ဖြစ်မှာပေါ့ ... ဖယောင်းတိုင်ရှာပါ ဟ"

လို့ ပြောလိုက်မိတယ်။ ဒီအခါမှာပဲ ...

www.burmeseclassic.com

www.burmeseclassic.com



‘ကျွီ ‥ ကျွီ ‥ ကျွီ ‥’

ဆိုတဲ့ အသံနဲ့အတူ အလောင်းစင်ကြီးလှုပ်ခါသွားတယ်။ သူတို့ရေရွတ်သံမဆုံးခင်ဘဲ …

‘ကျွီ ‥ ကျွီ ‥ ဒုန်း ‥ ဝုန်း ‥’

ဆိုတဲ့အသံနဲ့အတူ …

“ဟင် … အလောင်းကြီးပြုတ်ကျသွားပြီ”

“ပြုတ်ကျတာ မဟုတ်ဘူး … အလောင်းကြီး ခုန်ဆင်းလာတာဖြစ်ရမယ်”

“ဘာ … ဘာလုပ်ကြမလဲ”

“ဘာလုပ်ရမှာလဲ … ပြေးရမယ်၊ တော်ကြာ တို့ကို ကုပ်ချိုးပြီး မိုက်ဖောက်စားရင် ဘယ်လိုလုပ်မလဲ … ပြေး … ပြေး”

သူတို့အားလုံး ဝရုန်းသုန်းကားဖြစ်ပြီး ကွပ်ပျစ်ပေါ်က ခုန်ဆင်းလိုက်ကြတယ်။

“ကယ်ကြပါဗျို့ …အလောင်းကြီး ထလာပြီ …”

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂၁ )

## ကြက်ရှီးတို့ အခြောက်ခံရတာ တကယ်လား ...

www.burmeseclassic.com

www.burmeseclassic.com

ကျွတ်လွတ်သူ ...

အကြီးမြဒင်နဲ့ ကန်ရိုးတစ်ရှာလုံး ခေါင်းချင်းရိုက်နေကြပြီ။ ကြီးမြဒင်က မျက်နှာမသာမယာနဲ့ ...

"ကြက်ရိုးပြောတုန်းက ငါမယုံဘူး ... လိုက်ကြည့်တော့မှ လောင်းကြီး ပြုတ်ကျနေတယ်၊ အလောင်းဟာ ဘာကြောင့်ပြုတ်ကျ သလဲ၊ ရွှေမိပဲ ခြောက်လှန့်သလား၊ နတ်ကျားဝိညာဉ်ကပဲ ရွှေမိ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထဲ ဝင်လေသလား ... ဒါမှမဟုတ် တောကောင်တစ်ကော
ကများ အလောင်းစင်ကို လှုပ်ခါလေသလား၊ အင်း ... ငါ့ရှာ
ကိုးတောင်ပြည့်နတ်ကျားကြီးကို သတ်ဖြတ်ပြီးတော့မှ ပြဿနာတွေ
ဆက်တိုက်၊ လမိုင်းပွဲတင်တာတောင် နတ်ကျားက လက်မခံဘူ
ဘာများဆက်လုပ်ရပါ့မလဲ''

လို့ ညည်းညူလိုက်တယ်။

''နတ်ကျားကို သတ်ဖြတ်ခဲ့တာ မုဆိုးကြီးပန်းအောင်ပဲ၊ သူ့
သွားခေါ်ပြီး နတ်ကျားကို တောင်းပန်ပွဲတင်ရင် မကောင်းဘူးလာ
လမိုင်းပွဲတင်တုန်းက မုဆိုးပန်းအောင်မပါလို့ နတ်ကျားက မကျေ
တာဖြစ်နိုင်တယ်''

ရှာသားဗလကြီးရဲ့စကားကြောင့် ရှာသားတွေအားလုံး လှ
လှုပ်ရှားရှားဖြစ်သွားကြတယ်။

''ဗလကြီးပြောတာ ဖြစ်နိုင်တယ် ... မုဆိုးကြီးကို အမြန်
ခေါ်ပြီး ပွဲတင်နိုင်းပါ သူကြီး၊ မဟုတ်ရင် နတ်ကျားကြီး ခြောက်လှ
ကြောင့် တစ်ရွာလုံး အသက်ထွက်ကုန်လိမ့်မယ်''

''ဟုတ်တယ် သူကြီး ... ခုဆို တစ်ရွာလုံးလန့်ပြီး ခြေ

www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော် မြေချမယ့်သူမရှိဘူး။ မုဆိုးကြီးကို ခေါ်မှဖြစ်မယ်"

ဆိုတဲ့အသံတွေ ပွက်ပွက်ညံသွားတယ်။ သူကြီးမြဒင်က စားပွဲကို 'ဘုန်း ..' ခနဲထုရင်း ...

"အားလုံးတိတ်ကြစမ်း ... မင်းတို့အသံကြောင့် ခေါင်းရှုပ်လာပြီ၊ နေပါဦး ... ပန်းအောင်က ဘယ်သွားလို့လဲ"

လို့ မေးတဲ့အခါ ဗလကြီးက ...

"မင်းရဲချောင်းဘက်သွားတယ် သူကြီး။ လူကြီးတစ်ယောက်နဲ့ လိုက်သွားတာ ကျုပ်မြင်ခဲ့တယ်"

လို့ ပြောလိုက်တယ်။

"ပန်းအောင် ပန်းအောင် ... ဒင်းကို ငါကြည့်မရတာလည်း မပြောနဲ့၊ ကျားဆိုးသောင်းကျန်းတုန်းကလည်း မနည်းပြောဆိုပြီး နှိမ်နင်းခိုင်းရတယ်၊ ခုလည်း ဒင်းသတ်ခဲ့တဲ့ကျားက နတ်ကျားဖြစ်နေတာကြောင့် တစ်ရွာလုံးကို ဒုက္ခပေးနေပြီ၊ ဒီကောင်ဟာ ငါ့ကိုဒုက္ခပေးဖို့ လူဖြစ်လာတာ၊ ပန်းအောင်ကို ခချက်ချင်းသွားပြန်ခေါ်"

သူကြီးက ဗလကြီးကိုကြည့်ပြီး ပြောလိုက်တယ်။ ဗလကြီးဟာ ခေါင်းကို ဆတ်ခနဲညိတ်ပြပြီး မင်းရဲချောင်းဘက် ထွက်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျန်တဲ့လူတွေ ဘိုးလေးချစ်နဲ့တိုင်ပင်ပြီး လမိုင်း
တင်ဖို့ ပြင်ကြပေဟေ့၊ ပန်းအောင်လာရင် ညနေစောင်း ရောက်မယ်
ရောက်တာနဲ့ လမိုင်းပွဲတင်မယ်ဟေ့"

သူကြီးမြဒင်ရဲ့ဆော်ဩသံကြောင့် လူအုပ်ကြီးရှဲသွားတယ်
သူကြီးမြဒင်တို့ ပြဿနာတက်နေစဉ် မုဆိုးပန်းအောင်တို့ဟာ ...

"မိကျောင်းကိစ္စလည်းပြတ်ပြီဆိုတော့ ကျုပ်တို့ ပြန်မှဖြစ်မယ်
ဦးသက္က"

မုဆိုးကြီးရဲ့စကားကြောင့် ဦးသက္ကဟာ မျက်နှာမသာမယာနဲ့

"မုဆိုးကြီးတို့ မပြန်ခင် ကျုပ်မှာ ပြောစရာလေးတစ်ခု ရှိနေ
ပါတယ်၊ ဒီအကြောင်းကို မပြောလိုက်ရင် ကျုပ်ကိုယ်ကျုပ် ဖုံးဖိ
ထားသလိုဖြစ်နေလိမ့်မယ်"

လို့ပြောတဲ့အခါ မုဆိုးကြီးဟာ အထူးအဆန်းဖြစ်သွားရတယ်။
တပည့်ကျော်ဘိုးအုပ်နဲ့တေကြီးကလည်း ဦးသက္ကကို တအံ့တဩ ငေး
ကြည့်နေကြတယ်။

"ဘာများလဲ ဦးသက္က ... ပြောစရာရှိရင်ပြောပါ၊ ခင်ဗျား
ကိုလည်း ကျုပ် မမေးဖြစ်တာရှိနေတယ် ... အဲဒါဟာ မိကျောင်းရဲ့ကို

www.burmeseclassic.com

www.burmeseclassic.com



သတ်ဖြတ်တုန်းက ခင်ဗျားကြွေးကြော်ခဲ့တယ်၊ မိကျောင်းကို သခွတ်လှံနဲ့ထိုးစဉ်က ဒါက ငါ့မိန်းမအတွက်ဆိုတာ အဲဒါ ကျုပ်သိချင်တာ”

မုဆိုးကြီးရဲ့စကားကြောင့် ဦးသက္ကရဲ့မျက်လုံးတွေ ရီဝေသွားတယ်။ တံတွေးကိုတစ်ချက် မျိုချရင်း . . .

“ကျုပ်ပြောမယ့်အကြောင်းက ဒါနဲ့ဆက်စပ်နေပါတယ်၊ တကယ်တော့ ကျုပ်ဟာ မိန်းမသေဆုံးသွားတဲ့မုဆိုးဖိုတစ်ယောက်ပါ၊ ကျုပ်မိန်းမဟာ ဆွေကြီးမျိုးကြီးထဲကတစ်ယောက်ဖြစ်သလို ကျုပ်ကို သိပ်ချစ်တဲ့အတွက် မိဘတွေရဲ့စွန့်လွှတ်မှုကို ရင်ဆိုင်ပြီး ကျုပ်နောက်လိုက်ခဲ့ရသူပါ၊ သူဟာ ကျုပ်အပေါ် မယားဝတ္တရားကျေပွန်သလို ရေမုဆိုးဖြစ်တဲ့ ကျုပ်ရဲ့အလုပ်နဲ့ပတ်သက်ပြီး စိုးရိမ်စိတ်တွေကြီးမားခဲ့တယ်၊ ဒီအလုပ်ကိုစွန့်လွှတ်ဖို့ အမျိုးမျိုးနားချခဲ့ပေမယ့် ကျုပ်ကလည်း ဒါပဲလုပ်တတ်တာလေ၊ ဒါမှမလုပ်ရင် ထမင်းငတ်ဖို့ပဲရှိတာပေါ့ . . .၊

တစ်နေ့ ကျုပ် မင်းရဲချောင်းတစ်ဖက်က ဝဲငါရွာလေးကိုသွားရင်း အပြန်မိုးချုပ်ခဲ့တယ်၊ ကျုပ်မိန်းမဟာ ကျုပ်ပြန်အလာကို ချောင်းစပ်မှာထိုင်ပြီး စောင့်နေခဲ့တယ်၊ တစ်ဖက်ရွာကနေ ပြန်ဖို့လုပ်တော့ ကျုပ်နားထဲမှာ . . . အစ်ကိုရေ နှင်းကိုကယ်ပါဦးဆိုတဲ့ အသံကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတယ်၊ ကျုပ်လည်း စိတ်ပူပြီး လေ့ကိုအသော့နှင်ခဲ့တယ်၊ ရွာရဲ့ချောင်းစပ်ရောက်တော့ ရေစပ်မှာဝိုင်းအုံနေတဲ့လူတွေကို တွေ့လိုက်ရတယ်၊ ကျုပ်ဟာ လူအုပ်ထဲဝင်ကြည့်တဲ့အခါ မိကျောင်းရဲ့ကိုက်ဖျက်မှုကြောင့် မရှုမလှသေဆုံးနေတဲ့ ကျုပ်မိန်းမကို တွေ့လိုက်ရတယ်ဗျာ''

လို့ပြောပြီး ခဏနားလိုက်တယ်။

''ကိုယ့်ကိုသိပ်မြတ်နိုးတဲ့ ဇနီးတစ်ယောက်ဆုံးရှုံးရတာ သိပ်ကြေကွဲစရာကောင်းပါတယ်''

မုဆိုးကြီးက ဝင်ပြောလိုက်သလို တပည့်ကျော်နှစ်ယောက်ကလည်း ဦးသက္ကကို ကရုဏာသက်စွာ ငေးကြည့်နေမိတယ်။

''မိကျောင်းရဲ့ကြောင့် ကျုပ်သိပ်ချစ်တဲ့မိန်းမ သေခဲ့ရသလို ကျုပ်ကိုစွဲလမ်းတဲ့အစွဲကြောင့် ကျုပ်မိန်းမဟာ ကမ္ဘာဝါရွတ်လို့မရ, အမျှဝေလို့မရဘဲ မကျွတ်မလွတ်ဘဝကို ရောက်ခဲ့ရှာတယ်၊ ကျုပ်ရဲ့ စွဲလမ်းမှုကြောင့်လား, ကျုပ်မိန်းမရဲ့အစွဲကြောင့်လားမသိဘူး . . . ကျုပ်မိန်းမဟာ ဒီအိမ်ထဲမှာ လှည့်လည်သွားနေတယ်လို့ ကျုပ်ခံစားရတယ်''

www.burmeseclassic.com

www.burmeseclassic.com



လို့ စကားမဆုံးခင် ဦးသက္ကက ...

"ဟုတ်ပါတယ် ... မောင်တေကြီးတို့ရောက်တော့ ခေါင်းအုံးလိုနေတာနဲ့ ကျုပ်မိန်းမအိပ်တဲ့ခေါင်းအုံးကို ထုတ်ပေးမိတယ်၊ ပြီးတော့ တစ်ညမှာ မုဆိုးကြီးဟာ ကျုပ်မိန်းမကိုမြင်ပြီး ခြိတ်ဆင်းသွားတယ် မဟုတ်လား၊ ဒီအတွက် မုဆိုးကြီးနဲ့ မောင်တေကြီးကို အနူးအညွတ်တောင်းပန်ပါတယ်၊ ဒီအိမ်မှာဖြစ်ခဲ့တဲ့ ကျုပ်မိန်းမရဲ့ခြောက်လှန့်မှုတွေကို မေ့ပစ်လိုက်ကြပါ ... ကျုပ်ပြောချင်တာ ဒါပါပဲ"

လို့ ပြောလိုက်တယ်။ ဦးသက္ကရဲ့စကားကြောင့် နာနာဘာဝကို အယုံအကြည်မရှိတဲ့ မုဆိုးကြီးဟာ သက်ပြင်းအကြိမ်ကြိမ် ချလိုက်မိတယ်။ တပည့်ကျော်နှစ်ယောက်ဟာ ဒီအိမ်မှာ ဆက်မနေရဲလောက်အောင် မျက်နှာပျက်သွားကြတယ်။

ဒီအချိန်မှာပဲ ...

"ဗျို့ ... ဒီအိမ်မှာ မုဆိုးပန်းအောင် ရှိသလားဗျို့"

ဆိုတဲ့အသံကို ကြားလိုက်ရတယ်၊ ကြည့်လိုက်တော့ ကန်ရိုးရွာသား ဗလကြီး ...။

"ဘာလာလုပ်တာလဲ ဗလကြီး ... အထဲဝင်ခဲ့"

www.burmeseclassic.com

www.burmeseclassic.com



မှဆိုးကြီးရဲ့အသံကြောင့် ဗလကြီးဟာ အိမ်ပေါ်တက်ထိုင်ရင်း "သူကြီးက မှဆိုးကြီးကို ခေါ်ခိုင်းလိုက်တယ်" လို့ အစချီပြီး အကြောင်းစုံရှင်းပြလိုက်တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၂ )

## မုဆိုးကြီးက လမိုင်းပွဲ တင်ပါ့မလား ...

www.burmeseclassic.com

www.burmeseclassic.com

# ပြဿနာတက်ပြီ

"ကျုပ်လက်မခံဘူး သူကြီး . . . ဒါတွေ အယုံအကြည် မရှိဘူး။ ကျားဟိန်းသံကြားရရင် ကျားရှိရမယ်၊ ရှိတဲ့ကျားကိုလည်း ကျုပ်ဖမ်းပေးမယ်၊ ဘာလမိုင်းပွဲမှ မတင်နိုင်ဘူး . . . ဒါပဲ"

မုဆိုးပန်းအောင် ဒေါသတကြီးပြောပြီး လှည့်ထွက်သွားတယ်။ သူကြီးမြဒင်နဲ့ ရွာသားတွေဟာ မုဆိုးကြီးရဲ့လုပ်ရပ်ကြောင့် အကြီး

www.burmeseclassic.com

www.burmeseclassic.com



အကျယ်မျက်နှာပျက်သွားကြတယ်။

သူကြီးမြဒင်ရဲ့မျက်နှာဟာ ဒေါသကြောင့်နီမြန်းပြီး တဆတ်ဆတ်တုန်လာတယ်။ လမိုင်းတင်ဖို့ ပြင်ဆင်ထားတဲ့ပွဲကို လက်နဲ့ရိုက်ချလိုက်ပြီး ...

"ဟေ့ ပန်းအောင် ... မင်းစကားအတိုင်း ကျားကို ဖမ်းပေးနိုင်ရင်ဖမ်း၊ မဟုတ်လို့ကတော့ မင်းနဲ့ငါ အတွေ့ပဲဟေ့"

လို့ ဒေါသတကြီး ကြုံးအော်လိုက်တယ်။ ဒေါသစိတ်အဟုန်ကြောင့် မုဆိုးကြီးရဲ့ခြေလှမ်းတွေ မြန်ဆန်နေတယ်။ တပည့်ကျော်နှစ်ယောက်ဟာ မုဆိုးကြီးနောက် အမီပြေးလိုက်ရင်း ...

"ဆရာကြီးက တကယ့်ပြဿနာအိုးကိုမှ တုတ်နဲ့သွားထိုးတယ်၊ ပွဲတင်တာပဲ ဆရာကြီးရယ် ... ကိုယ်မယုံကြည်လည်း ဟန်ပြတင်ပေးလိုက်ပေါ့၊ ဒီအဘိုးကြီး ပြဿနာရှာရင် ဘယ်လိုလုပ်မလဲ"

လို့ ဘိုးအုပ်က စိုးရိမ်တကြီးမေးလိုက်တယ်။

"လောကမှာ စိတ်ဓာတ်က သိပ်အရေးကြီးတယ် ဘိုးအုပ်၊ သူများပြောတိုင်း နဖေတိမ်တောင်ဖြစ်တတ်တဲ့ယောကျ်ားထဲ ငါမပါဘူး။ ဒီအတွက် ခေါင်းမာတယ်လို့ပြောလည်း ရတယ်၊ ဟန်ဆောင်ခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကောင်းတွေရဲ့လုပ်ရပ် မဟုတ်ဘူး။ တချို့မုဆိုးတွေဆို တောတစ်ခါဝင်ဖို့အရေး ပသလိုက်တဲ့နတ်တွေ မနည်းဘူး။ အမဲပစ်လို့ရတဲ့သားကောင်ထက် နတ်စာစရိတ်က ပိုကြီးနေတယ်၊ နတ်အားကိုးပြီး လက်နက်မပါဘဲ တောဝင်ကြည့်ပါလား ...အသက်ပါ ထွက်သွားလိမ့်မယ်၊ မုဆိုးတစ်ယောက်ရဲ့အားဟာ လက်နက်နဲ့လက်ရုံးရည်ပဲကွ ...အဲဒါ မြဲမြဲမှတ်ထား ....၊

လူကိုဒုက္ခပေးတဲ့ ကျားဆိုးကို ငါသတ်ခဲ့တယ်၊ ဒါဟာ တောရိုင်းတိရစ္ဆာန်တစ်ကောင်ကို ရှင်းထုတ်လိုက်တာပဲ၊ ကျားဆိုတာ တိရစ္ဆာန် ...နတ်မဟုတ်ဘူးကွ၊ ကျားဟိန်းသံကြားရင် ကျားရှိရမယ်၊ ဒီလိုသာ သေပြီးသားတိရစ္ဆာန်တွေ ခြောက်လှန့်ကြေးဆို ငါပစ်သတ်ခဲ့တဲ့ မိကျောင်း, ကျားကအစ ယုန်, ဖွတ်, ပဒတ်အဆုံး ငါ့ကို ခြောက်လှန့်ကြမှာပေါ့ ...၊

တကယ်တော့ လူတွေဟာ ရယ်စရာသိပ်ကောင်းတဲ့ သတ္တဝါတွေပဲကွ၊ လူသားစားကျားသေတော့ နတ်ကျားဆိုပြီး ကြောက်လန့်ကြတယ်။ တောခွေးတွေ, လယ်ကြွက်တွေသေရင်ရော ခွေးသရဲ, ကြွက်သရဲဆိုပြီး အသံထွက်မလာဘူး၊ ဒင်းတို့ နေ့ပိုင်းစားတဲ့ အစား

www.burmeseclassic.com

www.burmeseclassic.com



အစာမှာ ကြက်, ဝက်, ဘဲ တိရစ္ဆာန်တွေပါမယ်၊ ကြက်တစ္ဆေ, ဝက်တစ္ဆေဆိုတဲ့အသံတော့ မကြားရဘူးကွ ...ဟား ဟား”

မုဆိုးကြီးရဲ့စကားတွေကြောင့် ဘိုးအုပ်နဲ့တေကြီးဟာ အတွေးများစွာဖြစ်သွားရတယ်။

“ကျားဟိန်းသံကြားတာ ကျားတကယ်ရှိတယ်လို့ ဆရာကြီး ယူဆတယ်ပေါ့၊ ဒါဆို ကျားက ဘယ်ကရောက်လာတာလဲ ဆရာကြီး”

တေကြီးစကားကြောင့် မုဆိုးကြီးက ...

“အသံရှိရင် အကောင်ရှိရမှာပေါ့ကွ၊ တောနက်ထဲကနေ မျက်စိလည်ပြီးရောက်လာတဲ့ ကျားဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ငါသတ်လိုက်တဲ့ကျားကြီးနဲ့ ပတ်သက်နေတဲ့ကျား ဖြစ်ရမယ်”

လို့ ဖြေလိုက်တဲ့အခါ ဘိုးအုပ်က ...

“ဒါဆို ကျားက အသံပြုပြီးရွာကို ဘာကြောင့်မဝင်သလဲ၊ ပြီးတော့ ရွှေမိအသုဘမှာ အရုဏ်ဆွမ်းအတွက် ချက်ထားတဲ့ ကြက်သားဟင်းတစ်အိုးလုံး ပျောက်သွားတယ်တဲ့၊ ကျားက အိုးလိုက်တော့ ဆွဲနိုင်ပါဘူး ဆရာကြီးရာ ...အကြောင်းတစ်ခုခုတော့ ရှိရမယ်”

လို့ ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မဆိုးဘူး ... တော်လာပြီဘိုးအုပ်၊ ဟုတ်တယ် ... ကျားဆိုတာမျိုးက လူသားနဲ့တိရစ္ဆာန်ကြီးတွေရဲ့ အသားကို အင်မတ နှစ်သက်တာကွ၊ အသုဘအိမ်က ဟင်းအိုးပျောက်တာ အမှုးသမ ကာလသားတွေရဲ့လက်ချက်ရော မဖြစ်နိုင်ဘူးလား၊ ပြီးတော့ ရွာမှ အကြီးအကျယ်ခြောက်လှန့်နေတဲ့ကိစ္စ ... ဒီအကြောင်းကို ခေါင်းအေး အေးထားပြီး အဖြေရှာရမယ်"

မုဆိုးကြီးရဲ့စကားကြောင့် တပည့်ကျော်နှစ်ယောက်ဟာ ... အတွေးကိုယ်စီနဲ့ ငြိမ်သက်သွားတော့တယ်။

●●●●●

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၃ )

## မုဆိုးပန်းအောင် ဘာလုပ်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## နောက်နေ့နံနက်

သူကြီးမြဒင်တစ်ယောက် ပဲပြုတ်ထမင်းကို အကျအန ထိုင်စားနေစဉ် ...

"ကယ်ပါဦးသူကြီး ... ကျွပ်နွားတွေ မရှိတော့ဘူး"

ဆိုတဲ့အသံနဲ့အတူ ပြေးလာတဲ့လူတစ်ယောက်ကို တွေ့လိုက်ရတယ်။ အသံကြောင့် သူကြီးဟာ ပါးစပ်နားရောက်ခါနီး ထမင်းလုတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ကျသွားရတယ်။

"နွားတွေဆိုတော့ ဘယ်နှကောင်တောင် ပါသွားလို့လဲဟ"

"နွားတစ်ရှဉ်း ပါသွားတယ်သူကြီး၊ ပြီး . . . ပြီးတော့ နွားခြံမှာ ကျားခြေရာခွက်ကြီးပါ တွေ့ရတယ်"

ရွာသားရဲ့စကားကြောင့် သူကြီးဟာ မျက်နှာအကြီးအကျယ် ပျက်သွားပြီး . . .

"ဘာ . . . ကျားခြေရာ . . . ဟုတ်လား၊ ညက ကျားဟိန်းသံ ကြားပါဘူး၊ ကျားက နွားနှစ်ကောင်လုံး ဆွဲနိုင်ပါ့မလား . . . မဟုတ်သေးပါဘူး"

လို့ မေးလိုက်တယ်။

"ဟာ သူကြီးကလည်း . . . ဟိုက ကိုယ်ဖျောက်ထားတဲ့ နတ်ကျားကြီးဗျ၊ တန်ခိုးတွေ့ဘာတွေနဲ့ လုပ်မှာပေါ့၊ နွားသူခိုးတော့ ဘယ်နည်းမှ မဖြစ်နိုင်ဘူး၊ ကျုပ်ရဲ့နွားတွေတော့ သွားပါပြီဗျာ"

ရွာသားရဲ့ငိုသံနှောပြောတဲ့စကားကြောင့် သူကြီးဟာ စိတ်ရှုပ် ထွေးသွားပြီး . . .

"တော်ပါတော့ လုခေသ်ရယ် . . . နတ်ကျားဝိညာဉ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မင်းသိနေပြီပဲ ... ငါ့လာတိုင်စရာတောင် မလိုဘူး၊ ငါတော့
သေချင်စော်နံနေပြီဟေ့''

လို့ ရေရွတ်လိုက်တယ်။

''ဟုတ်ပါတယ်ဗျာ ... ဘာမှလုပ်လို့မရဲဘူးဆိုတာ ကျုပ်သိ
ပါတယ်၊ သူကြီးကိုတိုင်ရမယ့် ဝတ္တရားအရ လာပြောတာပါ၊ တော်
သေးတယ်ဗျာ ... နွားတင်ဆွဲသွားလို့ လူကို အသက်နုတ်ချင်ရင်
မခက်ပေဘူးလား၊ သူကြီးလည်း သေမယ့်စကား သိပ်မပြောနဲ့ ...
နတ်ကျားကြီး လိပ်ပြာနုတ်လိမ့်မယ်''

ရွာသားဟာ သူပြောချင်ရာဖွတ်ပြောပြီး ပြန်ထွက်သွားတယ်
သူကြီးအိမ်ကအပြန် မုဆိုးကြီးနေထိုင်တဲ့ ရွာစွန်ကိုသွားပြန်တယ်။

မုဆိုးကြီးနဲ့တွေ့ပြီး နွားပျောက်ကိစ္စကို ပြောပြန်တယ်။ မုဆိုး
ကြီးက ရွာသားကို စိတ်ပျက်တဲ့အမူအရာနဲ့ကြည့်ပြီး ...

''နတ်ကျားဝိညာဉ်ဆိုတဲ့စကား ဆက်ပြောရင် ခင်ဗျားပြန်
တော့၊ ခင်ဗျားတို့ကြားခဲ့ရတဲ့ကျားဟိန်းသံနဲ့ပတ်သက်ပြီး ကျုပ် ကျားကို
တောလှန်ပြီးရှာပေးမယ်၊ အဓိပ္ပာယ်မရှိတဲ့စကားတော့ လာမပြောနဲ့''

လို့ မာန်မဲလိုက်တယ်။ ရွာသားလည်း ဘာပြောရမှန်း မသိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကုတ်ပြီးပြန်ထွက်သွားတယ်။ မှဆိုးပန်းအောင်တစ်ယောက် သက်မောချမိရင်း ...

"ဘိုးအုပ် ... တော်ကြီး ... စကြာနဲ့လုံ့ယူခဲ့၊ ခုချက်ချင်း တောဝင်မယ်ဟေ့"

လို့ တပည့်တွေကို ဆော်ဩလိုက်တယ်။ မှဆိုးကြီးတို့ တောဝင်ချိန် ... သူကြီးအိမ်မှာတော့ ...

"မောင်ပန်းအောင်အတွက် ကျုပ် စိတ်လေးနေတယ် သူကြီး။ ဒီသူငယ်ဟာ နတ်ပိုင်းဆိုင်ရာကို သိပ်ပြီးအယုံကြည်ကင်းမဲ့လွန်းတယ်၊ တောတောင်ရှိရင် တောတောင်စောင့်နတ်ရှိတယ်၊ မြို့မှာ မြို့တော်ရှင်ရှိတယ်၊ ရွာမှာ ရွာတော်ရှင်ရှိတယ်၊ ဒါကို လက်မခံလို့မရဘူး။ မောင်ပန်းအောင်ဟာ မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေပေမယ့် သူ့မှာ ဘာကိုးကွယ်မှုမှ မရှိဘူး။ ဒါဟာ ကံမြင့်တဲ့အချိန် ဘာမှမဖြစ်ပေမယ့် ကံနိမ့်တဲ့အခါ နတ်ကိုင်ခံရလိမ့်မယ် သူကြီး၊ ကျုပ်စိတ်မှာ အလိုလိုသိနေတယ်၊ သူ အန္တရာယ်ဆိုးကြုံတော့မယ်"

ဘိုးလေးချစ်ရဲ့စကားကြောင့် သူကြီးမြင်ဒင်ရဲ့မျက်နှာမှာ မကျေနပ်စိတ်တွေ ယှက်သန်းသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အန္တရာယ်ဆိုးကြုံပြီးသောတော့ အေးတာပေါ့၊ ဒီကောင့်ကို လုံးဝကြည့်မရဘူး ... လူကြီးသူမ မသိတဲ့ကောင်၊ ဒင်းလောက် ရိုင်းစိုင်းတဲ့မုဆိုး တစ်ခါမှမကြုံဖူးဘူး။ ဒင်း သေလို့ကတော့ ရွာထဲ အသွင်းမခံဘူး ... တစ်ခါတည်းဆွဲပြီး မြေမြှုပ်ပစ်မယ်"

လို့ ကြိုးဝါးလိုက်တယ်။ နွားပျောက်တဲ့ရွာသားက သူကြီး ဘက်က ဝင်ပြီး ...

"ဟုတ်ပါ့ သူကြီးရာ ... မုဆိုးပန်းအောင်ဟာ တောမုဆိုး ဖြစ်နေပေလို့၊ သူဟာ ရှင်ဘုရင်ဖြစ်လို့ကတော့ လူမပြောနဲ့ ... နတ် တောင် အရေးလုပ်မှာမဟုတ်ဘူး။ သူကြီးကိုလည်း ပမာမခန့်နဲ့၊ ကျုပ် လည်း ဒင်းကိုကြည့်မရဘူး"

လို့ မျက်နှာလိုမျက်နှာရ စကားဆိုတယ်။

"ဒီလိုတော့ မပြောပါနဲ့ဗျာ ... မုဆိုးကြီးက တောလိုက် မုဆိုးတွေထဲမှာတော့ သတ္တိအကောင်းဆုံးပဲဗျ၊ ရေမုဆိုးတွေတောင် လက်မှိုင်ချရတဲ့ မင်းရဲချောင်းက မိကျောင်းကြီးကိုဖမ်းပေးပုံများ အဲ့ဒီ ရွာတွေမှာ ပြောလို့မဆုံးဘူးဗျို့၊ ကန်ရိုးရွာက မုဆိုးပန်းအောင် သိပ် တော်တဲ့အကြောင်း။ ဒီတောတောင်တစ်ပိုက်က ရွာအားလုံး သိနေပြီ

www.burmeseclassic.com



ဒါဟာ ကျုပ်တို့ရွာအတွက် ဂုဏ်ယူစရာပဲ''

ဗလကြီးရဲ့စကားကြောင့် သူကြီးဟာမျက်နှာရှုံ့မဲ့သွားပြီး ဆေးတံကြီးနဲ့ပစ်ပေါက်လိုက်တယ်။

''သေနာကောင်လေး ...အလုပ်ကျတော့ လက်ကြော မတင်းဘူး၊ ပြောတော့စကားက အကြီးကြီး၊ ဒီကောင့်ဂုဏ်ယူချင်ရင် ပန်းအောင်ကို နင့်နမနဲ့ပေးစားလိုက် ...ငါ့ရှေ့က ထွက်သွားစမ်း''

သူကြီးတို့ရန်ပွဲဖြစ်နေစဉ်မှာပဲ ခြံရှေ့ နွားလှည်းတစ်စီး ထိုးဆိုက်လာတယ်။ လှည်းကိုမြင်တဲ့အခါ သူကြီးမြဒင်တစ်ယောက် မျက်နှာပြောင်းသွားတယ်။

''မြို့ကပြန်လာပြီလား လယ်ရှင်ကြီး၊ ကျုပ်မှာတာတွေရော ပါရဲ့လားဗျ ...ဟဲ ဟဲ ဟဲ''

သူကြီးရဲ့အသံက ပျားသကာလိုချိုမြပြီး မျက်နှာက ဖိုးလမင်းကြီးလို ဝင်းပနေတယ်။ လှည်းပေါ်မှ လူဝကြီးတစ်ယောက် ဆင်းလာတယ်။ လက်မှာလည်း အထုပ်အပိုးတွေအများကြီးနဲ့။

''ပါပါ့ဗျာ ...ကိုမြဒင်အတွက် အထူးလက်ဆောင်တွေ ပါတယ်ဗျ၊ ကျုပ်အထောက်အပံ့ကြောင့် ဘီလပ်မှာပညာသင်ခွင့်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်တစ်ယောက် ပြန်လာလို့လေ၊ ဘီလပ်ဖြစ်အရက်တွေ ပေးလိုက်တယ် ... အရက်နာမည်က ဇျော်နီဆိုလား, ဇျော်ဂျီဆိုလား ပဲ၊ ရော့ ... ကိုမြဒင်အတွက်"

လို့ပြောရင်း အထုပ်ကြီးကို လှမ်းပေးတယ်။ သူကြီးက ဝမ်းသာအားရအမူအရာနဲ့ အထုပ်လှမ်းယူရင်း လူဝကြီးကိုကြည့်ပြီး ...

"လယ်ရှင်ကြီးကိုကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ၊ ဟာ ... ခုမှ သတိထားမိတယ်၊ တစ်ကိုယ်လုံး ညွတ်နေအောင်ဝတ်ထားတဲ့ ရွှေတွေ ဘယ်ရောက်သွားသလဲဗျ၊ ရွှေတွေမတွေ့တော့ တစ်ခုခု လို နေသလိုပဲ၊ ဒီရွာတစ်ကြောမှာ လယ်ရှင်ကြီးနဲ့ရွှေနဲ့ ခွဲမရတာ ကလေး တောင်သိနေတာဗျ ...ဟဲ ဟဲ"

လို့မြှောက်ပင့်စကားဆိုလိုက်တယ်။ လယ်ရှင်လူဝကြီးက ပါး စပ်မှာ ဃက်ညှိုးကပ်ရင်း ...

"ရှူး ... တိုးတိုးပြောပါဗျ၊ ခုတလော လမ်းဓားပြတွေ သောင်းကျန်းနေတယ်။ မြို့မှာဆို ဒင်းတို့ကို ဆုငွေထုတ်တဲ့စာတွေ ကပ်ထားတာ နေရာတိုင်းပဲ၊ ဓားပြတွေရဲ့ရန်ကြောက်လို့ မြို့ကအသိ တွေဆီမှာ ရွှေတွေချွတ်ပြီးအပ်ခဲ့တာဗျ ... ခင်ဗျားသိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ အထိတ်တလန့်အမူအရာနဲ့ ပြောလာတယ်။

"ဟား ဟား ... သူဌေးတွေများ တယ်ကြောက်တတ်ပါ့။ တိုးတိုးမပြောဘဲ ကျယ်ကျယ်ပြောလည်း ကျုပ်တို့ရွာကို ဘယ်ဓားပြမှ လာဘူးဗျို့၊ ဒါ့ပြင်လာတိုက်လည်း လက်ဗလာနဲ့ပြန်ရမှာ၊ ရွာမှာ တိုက်စရာဆိုလို့ ကောက်ရိုးပဲလှည်းတိုက်စရာရှိတယ်ဗျို့"

သူကြီးမြဒင်က အရွှန်းဖောက်စကားဆိုပေမယ့် လူဝကြီးဟာ မျက်နှာပျက်သွားပြီး ...

"ခင်ဗျားက ရွာနဲ့အိမ်ကလွဲပြီး ဘာမှမသိဘူး၊ ခုဆို မင်းရဲ ချောင်းရွာလေးမှာ စစ်ပုလိပ်တွေ ခြေချင်းလိမ်နေပြီဗျ၊ ဓားပြတွေကို တောနင်းရှာဖို့လုပ်နေတယ်၊ ခင်ဗျားမပေါ့နဲ့ ကိုမြဒင်၊ ရွာကို လုစီမံ အဝင်မရှိစေနဲ့ဗျို့၊ ကဲ ... ကျုပ်သွားမယ်"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂၄ )

## ကန်ရိုးရွာမှာ ဘာဆက်ဖြစ်မလဲ ...

www.burmeseclassic.com

www.burmeseclassic.com

## စာစုမှာဆိုး

မဆိုးကြီးနဲ့တပည့်ကျော်နှစ်ယောက်ဟာ ကျားကိုတောနင်းရှာရင်း တောနက်ထဲရောက်သွားကြတယ်။ ဘိုးအုပ်က ကောင်းကင်ကို မော့ကြည့်ရင်း ...

"နေတောင်ဝင်တော့မယ် ဆရာကြီး၊ ကျုပ်တို့ကျားရှာတာ တစ်နေကုန်သွားပြီ၊ ပြန်လှည့်ရင် ကောင်းမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောလိုက်တဲ့အခါ မုဆိုးကြီးက ...

"ကန်ရိုးတစ်ရှာလုံး အယူသီးနေတဲ့ နတ်ကျားဝိညာဉ်ကို ငါ သက်သေပြချင်တယ် ... ဒါကြောင့် ကျားမတွေ့မချင်း ငါမပြန်ဘူး မင်းတို့ ပြန်ချင်ပြန်တော့"

လို့ ယတိပြတ်ပြောလိုက်တယ်။ ဆရာဖြစ်သူရဲ့စကားကြောင့် တပည့်နှစ်ဦးမှာ မျက်လုံးပြူးသွားရပြီး ...

"ဒီလိုတော့ မလုပ်ပါနဲ့ ... ဆရာကြီးမပြန်ရင် ကျုပ်တို့လည်း မပြန်ဘူး။ တောနက်ထဲမှာ ဆရာကြီးတစ်ယောက်တည်း စိတ်မချဘူး"

လို့ ပြိုင်တူပြောလိုက်တယ်။ ထို့နောက်မှာတော့ သုံးယောက် သား တောနက်ထဲဆက်ဝင်ခဲ့ကြတယ်။

နေဝင်မိုးချုပ်ချိန်ရောက်တော့ ပျဉ်းမပင်ကြီးတစ်ပင်အောက် မှာ အမောဖြေကြတယ်။ မုဆိုးပန်းအောင်က ဘူးသီးခြောက်ရေဘူး ထဲကရေကို မော့သောက်လိုက်ပြီး ...

"ထူးတော့ထူးဆန်းနေပြီ ... ရွာသားတွေက ကျားဟိန်းသံ ကြားရတယ်ပြောတယ်၊ တောထဲမှာကျားရှိရင် သဲလွန်စတော့ တွေ့ရ မှာပေါ့၊ ခုထိ ... ဘာမှမတွေ့ရဘူး၊ ငါတို့ ခုရောက်နေတဲ့ ပျဉ်းမ

www.burmeseclassic.com

www.burmeseclassic.com



တောဟာ အင်မတန်အန္တရာယ်များတယ်ကွ၊ အရိုင်းအစိုင်းတိရစ္ဆာန်ကောင်တွေ ခိုအောင်းတတ်သလို စပါးကြီးမြွေလည်း သိပ်ပေါတဲ့နေရာဖြစ်တယ်။ ရှေ့ဆက်မယ့်ခရီးအတွက် သတိမပြတ်စေနဲ့၊ ပျဉ်းမတောရဲ့အလွန်မှာ အင်မတန်ကြီးမားတဲ့ ချောက်ကမ်းပါးကြီးရှိတယ်လို့ ကြားဖူးတယ်၊ အဲဒီနေရာကို ငါတောင် မရောက်ဖူးဘူး။ ဘာကြောင့်လဲဆိုတော့ ငါ့အတွက် တောလိုက်ဖို့က အလွန်ဆုံးဒီပျဉ်းမတောလောက်ပဲ လိုအပ်တာကွ၊ ကဲ ဘိုးအုပ် . . . မီးတုတ်ထွန်းလိုက်တော့၊ ခရီးဆက်ကြမယ်”

လို့ ပြောလိုက်တယ်။ တပည့်ကျော်နှစ်ယောက်ဟာ အန္တရာယ်ခရီးမှန်း သိသွားတဲ့အခါ မျက်နှာအကြီးအကျယ်ပျက်သွားကြတယ်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘာစကားမှ မပြောနိုင်အောင်ဖြစ်သွားတယ်။ သူတို့ရင်ထဲမှာ စိုးရိမ်ထိတ်လန့်စိတ်ကကြီးစိုးနေချေပြီ။

‘အူး . . အူး . . အူး . . အူး’

အဆက်မပြတ်ထွက်ပေါ်လာတဲ့ တောခွေးအူသံကြောင့် မုဆိုးသန်းအောင်က . . .

“မီးတုတ်တွေအမြန်ငြိမ်းလိုက် . . . အသံက လှိုနဲ့ သိပ်မဝေး

www.burmeseclassic.com



ဘူး၊ မင်းတို့နှစ်ယောက် ငါ့နောက်မှာနေ ...ဒီကောင်တွေလာရင် ငါရှင်းပစ်မယ်''

လို့ ပြောလိုက်တယ်။ အသံက ပိုနီးကပ်လာတယ်။ မုဆိုးကြီးက ကျောမှာလွယ်ထားတဲ့ လေးကိုဆွဲယူပြီး အဆိပ်မြားနဲ့ အသင့်ပြင်လိုက်တယ်။

သိပ်မကြာပါ။ တောခွေးတစ်အုပ်ဟာ မုဆိုးကြီးတို့ကို မြင်သွားပြီးအရှိန်နဲ့ ပြေးလာကြတယ်။ မုဆိုးကြီးက မြေပေါ်ဒူးထောက်လိုက်တယ်။

ကျင့်သားရနေတဲ့ သူ့မျက်လုံးတွေက တောခွေးအုပ်ကို စူးစိုက်ကြည့်ပြီး မြားတံတွေ တရစပ်ပစ်လွှတ်လိုက်တယ်။ မိနစ်ပိုင်းမှာတင် ခွေးအုပ်ဟာ 'တအီအီ' အသံပေးရင် အတုံးအရုံး ပြိုလဲကျတယ်။

''ဒီကောင်တွေကို ဘယ်လိုလုပ်မလဲ ဆရာကြီး ...သယ်သွားမှာလား''

တောကြီးရဲ့အမေးကို မုဆိုးကြီးက ဆေးပြင်းလိပ်တိုမီးညှိရင်း

''ဒီအတိုင်းထားခဲ့ ...အပြန်မှကောက်မယ်''

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တယ်။

"ဆရာကြီးမြားပစ်ပုံများ မယုံနိုင်လောက်အောင်ပါဘဲ၊ ခွေးတစ်အုပ်ကို ခဏလေးနဲ့ အတုံးအရုံးဖြစ်အောင် ပစ်နိုင်တယ်၊ ဆရာကြီးဟာ လက်သိပ်ဖြောင့်သလို သိပ်ပြီးလျှင်မြန်တယ်၊ ဆရာကြီးကို သိုက်မမီရင်တောင် ခြေဖျားလောက်မီရင် လူဖြစ်ရကျိုးနပ်ပါပြီဗျာ"

ဘိုးအုပ်ရဲ့စကားကြောင့် မုဆိုးကြီးဟာ ဆေးလိပ်ငွေ့ကို မှုတ်ထုတ်ရင်း ...

"ဒါကြောင့် မင်းတို့ကို ငါပြောတာ ... မုဆိုးတစ်ယောက်ရဲ့အရည်အချင်းဟာ လက်နက်နဲ့လက်ရုံးရည်ပဲ၊ လက်နက်ရှိပြီး လက်နှုံးရည် အားနည်းရင် သားကောင်ရဲ့ဝါးမျိုခြင်းကို ခံရနိုင်တယ်၊ မင်းတို့ရဲ့ပျင်းကြောတွေကို ရပ်တန်းကရပ်လိုက်တော့၊ ငါ့တပည့်လုပ်ပြီး သိပ်ညံ့တဲ့ကောင်တွေ"

လို့ပြောလိုက်တဲ့အခါ ဘိုးအုပ်နဲ့တောကြီးဟာ မခံချင်စိတ်တွေ သိုက်တက်လာပြီး ...

"စိတ်ချပါ ဆရာကြီး ... ဒီနေ့ကစပြီး ကျုပ်တို့ မုဆိုးကျော်တစ်ယောက်ဖြစ်အောင် ကြိုးစားမယ်၊ ဆရာပန်းအောင်ရဲ့တပည့်ပီသ

www.burmeseclassic.com

www.burmeseclassic.com



ရပါစေ့မယ်ဗျာ''

လို့ ပြိုင်တူကတိခံလိုက်တယ်။ မှဆိုးကြီးတို့ဟာ ဖျဉ်းမတော ကြီးထဲသွားလာရင်း တောစပ်ကိုရောက်မှန်းမသိဘဲရောက်သွားကြ တယ်။

တစ်နေရာရောက်တော့ မုဆိုးကြီးဟာ ခြေလှမ်းတုံ့သွားပြီး..

''နှာခေါင်းထဲမှာ ပုပ်အဲ့အဲ့အနံ့ကြီး ရနေတယ် ...မင်းတို့ ရှူကြည့်စမ်း''

လို့ ပြောလိုက်တဲ့အခါ ဘိုးအုပ်တို့ဟာ လေထဲအနံ့ခံရင်း..

''ဟုတ်တယ် ဆရာကြီး ...လေအဝှေ့မှာ ပါလာတဲ့ အပုပ် နံ့ကြီးဗျ၊ ဒီအနံ့ဟာ လူသားစားကျားရဲ့ ပါးစပ်ကထွက်တဲ့ အပုပ်နံ့နဲ့ သိပ်တူတယ်''

လို့ပြောလိုက်တယ်။ မုဆိုးကြီးက ချုံနွယ်တွေထူထပ်နေတဲ့ နေရာကို စူးစိုက်ကြည့်ရင်း ...

''မင်းတို့ ဒီမှာနေခဲ့ ...ဟိုနေရာကို ငါသွားကြည့်မယ် ဒီလိုချုံပုတ်မျိုးဟာ ကျားအောင်းတတ်တယ်ကွ''

လို့ပြောပြီး ချုံပုတ်အနီးကို ခြေဖော့နင်းချဉ်းကပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးအုပ်နဲ့တေကြီးဟာ သားကောင်နဲ့ရင်ဆိုင်ရတော့မယ် ဆိုတဲ့အသိ ကြောင့် ရင်တထိတ်ထိတ်ရှိနေကြတယ်။

မုဆိုးကြီးကတော့ ချုံပုတ်ထဲတိုးဝင်သွားချေပြီ။ ဒီအချိန်မှာပဲ ... 'ဂျွတ် .. ဂျွတ် .. ဝုန်း'

ဆိုတဲ့ အသံကြီးတစ်ခု ထွက်လာတယ်။

တပည့်ကျော်နှစ်ယောက်က မုဆိုးကြီးအတွက် စိတ်ပူသွားပြီး ချုံပုတ်တွေထဲ ပြေးဝင်ခဲ့ကြတယ်။

"ဆရာကြီး ... ဆရာကြီး"

"ဟော့ကောင် ... မီးအမြန်ထွန်းပါဟ၊ ဆရာကြီး ဘယ် ရောက်သွားလဲမသိဘူး၊ ခုနက အသံကရော ဘာသံလဲ၊ ဆရာကြီးကို ကျားများဆွဲသွားလေသလား ... ဒုက္ခပါပဲကွာ"

ဘိုးအုပ်ဟာ စိုးရိမ်စိတ်နဲ့အတူ နှုတ်က တတွတ်တွတ်ရေရွတ် လိုက်တယ်။ ချုံပုတ်ကြီးရဲ့အစပ်ကိုရောက်တော့ ...

"တေကြီး ... သတိထား ... ရှေ့မလှမ်းနဲ့"

ဆိုတဲ့ ဘိုးအုပ်ရဲ့အော်သံကိုကြားလိုက်ရတယ်။ တေကြီးဟာ ခြေလှမ်းတွန့်သွားပြီး ကြည့်လိုက်တဲ့အခါ ချောက်ကမ်းပါးကြီးရဲ့ နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းဝရောက်နေတာ တွေ့လိုက်ရတယ်။

"ဆ ... ဆရာကြီး ကမ်းပါးထဲ ပြုတ်ကျသွားပြီထင်တယ်

တို့ ... တို့ ဘယ်လိုလုပ်ကြမလဲ"

ဘိုးအုပ်က ကမ်းပါးစပ်မှာဒူးထောက်ထိုင်ရင်း တုန်ယင်အက်

ကွဲတဲ့အသံနဲ့ပြောလိုက်တယ်။ တောကြီးတစ်ယောက် ကမ်းပါးထဲငုံ့

ကြည့်ရင်း ...

"ဆရာကြီး"

လို့ လည်ချောင်းကွဲမတတ် အော်ဟစ်လိုက်တယ်။

●●●●●

www.burmeseclassic.com